The Mirror

၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်၊ တနင်္ဂနွေနေ့၊ (21-11-2010) (၆၅၈၉)

ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးမိသားစု ဘုံကထိန်ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၀

ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးမိသားစု ဘုံကထိန်ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ကန်ဦးပရိယတ္တိစာသင်တိုက် ဓမ္မာရုံ (ရေဆင်းရွာ)၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်းနှင့် ဗိုလ်ချုပ်သက်နိုင်ဝင်းတို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့❖

ဧရာဝတီနှင့် ချင်းတွင်းမြစ် အနောက်ဘက်ခြမ်းဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်စေမည့် ပုသိမ်-မုံရွာကားလမ်း

သတင်းဆောင်းပါး - ခရမ်းစိုးမြင့်

ဓာတ်ပုံ - ကျော်မိုးလွင်

ပုသိမ်-မုံရွာကားလမ်း မိုင်(၄၅၀/၅)ဖာလုံကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဧရာဝတီ-ပဲခူး-မကွေး-စစ်ကိုင်း ဟူသည့် တိုင်းဒေသကြီးလေးခုကို ဖြတ်သန်း၍ ဖောက်လုပ်လျက်ရှိရာ အပိုင်း(၃) ကဗွန်းမ-မုံရွာ အပိုင်းအား သွားရောက်လေ့လာ၍ စက်တင်ဘာလအတွင်းက ဂုဏ်ပြုသတင်းဆောင်းပါး ရေးသားဖော်ပြပြီးဖြစ်သည်။

ယခုဆက်လက်၍ အပိုင်း(၁)ဖြစ်သည့် ပုသိမ်-ဥသျှစ်ပင်အပိုင်းနှင့် မိုင်တိုင်အမှတ်(၃၃/၂)မှ မိုင်တိုင်အမှတ် (၁၇၉/၂)အပိုင်းကို ရေးသားတင်ပြနိုင်ရန် အောက်တိုဘာ ၁ ရက်နေ့က စီမံကိန်းအင်ဂျင်နီယာ ဒုတိယအင်ဂျင်နီယာချုပ် ဦးဝင်းမောင်၏ကားဖြင့် ပုသိမ်သို့ လိုက်ပါလာခဲ့သည်။

ပုသိမ်-မုံရွာကားလမ်းသည် မိုင် ၄၅၀ ကျော် ရှည်လျားသဖြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အပိုင်းသုံးပိုင်းခွဲပြီး တိုင်းဒေသကြီးလေးခုကို ဖြတ်သန်းဖောက်လုပ်လျက်ရှိရာ ထိုလမ်းမကြီးသည် ဧရာဝတီနှင့် ချင်းတွင်းမြစ် အနောက်ဘက်ခြမ်းဒေသတစ်ခုလုံးကို ဖွံ့ဖြိုးတိုးတက်စေမည့် လမ်းမကြီးဖြစ်သည်။ ထိုလမ်းမကြီးအား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက စီမံကိန်းအထူးအဖွဲ့များ၊ ခရိုင်အထူးအဖွဲ့များနှင့် နိုင်ငံသားဆောက်လုပ်ရေးကုမ္ပဏီတို့ဖြင့် ဖောက်လုပ်နေခြင်းဖြစ်သည်။

ပုသိမ်-မုံရွာလမ်း အပိုင်း(၁)တွင် (ကံကလေး-သုံးခွ-ရေကြည်-ငါးသိုင်းချောင်း-ဘက်ရဲ-ဥသျှစ်ပင်နှင့် ပဲခူးတိုင်းဒေသကြီး နယ်ခြားအပိုင်း)အထိဖြစ်ပြီး ၂၀၁၀ ခုနှစ် မေ ၇ ရက်နေ့တွင် နိုင်ငံတော်အကြီးအကဲက အဆင့်မီကတ္တရာလမ်းအဖြစ် တိုးမြှင့်ဆောင်ရွက်ရန် လမ်းညွှန်သဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းသုတေသနဌာနက ၂၀၁၀ ခုနှစ် မေ ၂၃ရက်နေ့မှစ၍ လိုအပ်သော ကွင်းဆင်းတိုင်းတာစမ်းသပ်မှုများ ပြုလုပ်ကာ တည်ဆောက်ရမည့် လမ်းလွှာပုံစံများ ထုတ်ပေးခဲ့သည်။ လမ်းသုတေသန၏ လမ်းလွှာပုံစံများအတိုင်း အပိုင်းလိုက်တာဝန်ယူဆောင်ရွက်မည့်အဖွဲ့များက ၂၀၁၀ ခုနှစ် ဇွန်လ ဒုတိယအပတ်မှစတင် ဆောင်ရွက် အကောင်အထည်ဖော်နေကြခြင်းဖြစ်သည်။

ပုသိမ်-မုံရွာလမ်း အပိုင်း(၁)၏ စီမံကိန်းအကြောင်းအရာမှာ ကံကလေး-သုံးခွအပိုင်းအား **စာမျက်နှာ ၈ ကော်လံ ၁ သို့**

ပုသိမ်-မုံရွာလမ်း ၁၄၆ မိုင် ၄ ဖာလုံအတွင်း တံတားကြီးငယ်များ အခိုင်အမာ တည်ဆောက်ထားလျက်ရှိရာ ငဝန်မြစ်ပေါ်မှ ငသိုင်းချောင်းတံတားကြီးကို ဤသို့ တွေ့ခဲ့ရသည်။

မိုင်တိုင်(၁၆၆/၃)တွင် ကတ္တရာဖျန်းစက်ဖြင့် ကတ္တရာဖျန်းနေစဉ်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror

၂၁-၁၁-၂၀၁၀
(တနင်္ဂနွေနေ့)

နက္ခတ်စုံညီ ကြည်လင်ရွှန်းမြ တန်ဆောင်မုန်းလပြည့်ည

တန်ဆောင်မုန်းလသည် မိုးရာသီအကုန် ဆောင်းရာသီကူးစ အခါသမယ။ တောတောင်မြေပြင် ဝန်းကျင်တစ်ခို သစ်ပင်ပန်းပင်တို့ စိမ်းလန်းစိုပြည် ဖူးပွင့်ဝေဆာနေကြပြီ။

တန်ဆောင်မုန်းလ၏ ကောင်းကင်ယံတွင် ဆီးနှင်းမြူတိမ် သူရိန်မီးခိုးမှောင်မျိုးမသွန်း ရွှန်းရွှန်းလက်လက်။ ကြတ္တိကာနက္ခတ်နှင့် ကျီးတာရာ၊ ဟင်္သာတာရာတို့အပြင် ကြယ်တာရာနက္ခတ်ပေါင်းစုံတို့ ကြည်လင်ရွှန်းလက်တောက်ပနေမြဲ။ တန်ဆောင်မုန်းလ၏လပြည့်ည လမင်းသည် ဆယ့်နှစ်လရာသီ လပြည့်ဝန်းတို့ထက် ထိန်ထိန်သာမြဲ။ မွေ့လျော်ဖွယ်ကောင်းလှသောည၊ ရှုချင်စဖွယ်ကောင်းလှသောည၊ ကြည်လင်ရွှန်းမြသာယာလှသောည။

ယခုကဲ့သို့ ထိန်ထိန်သာနေသည့် တန်ဆောင်မုန်းလပြည့်နေ့ ညချမ်းချိန်တွင် ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ်မင်းကြီးသည် ဇီဝကသရက်ဥယျာဉ်၌ သီတင်းသုံးနေတော်မူသော မြတ်ဗုဒ္ဓဘုရားရှင်ထံသို့ သွားရောက်ဖူးမြော်ပြီး တရားဒေသနာ ဟောကြားတော်မူပါရန် လျှောက်ထားသည်။ မြတ်စွာဘုရားရှင်က ရဟန်းပြုရခြင်း၏ အကျိုးပြ သာမညဖလသုတ္တန်ကို ဟောကြားတော်မူခဲ့သည်။

အဇာတသတ်မင်းကြီးသည် ရဟန်းပြုရခြင်း၏ မြင့်မြတ်သော အကျိုးတရားများကို နာကြားရသော အချိန်မှ အစပြု၍ ရတနာသုံးပါးကို နှစ်နှစ်ကာကာ ယုံကြည်ကိုးကွယ် ပူဇော်လာခဲ့သည်။ ယင်းသို့ သာမညဖလ တရားတော် ဟောကြားတော်မူခြင်းကို အကြောင်းပြု၍ **တန်ဆောင်မုန်းလပြည့်နေ့**ကို **သာမညဖလအခါတော်နေ့** ဟု သတ်မှတ်ခဲ့ပေသည်။

ထို့အပြင် **ခဝဲပွင့်ချိန် လကထိန်** ဟူသည့် စာဆိုနှင့်အညီ ခဝဲပန်းများ ဖူးပွင့်ဝေစီသည့် တန်ဆောင်မုန်းလတွင် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲများကို ဘုရားရှင်လက်ထက်တော်မှသည် ယနေ့ကာလတိုင်အောင် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ ခင်းကျင်းပြုလုပ်ကြမြဲဖြစ်သည်။ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းခံရသည့် သံဃာတော်များအနေဖြင့် ကထိန်အာနိသင်ငါးပါးကို ရရှိခံစားနိုင်ကြသည်။ ကထိန်သင်္ကန်း အလှူရှင်များသည်လည်း ဒါနအကျိုးတရားများ ရရှိခံစားနိုင်ကြမည် ဖြစ်သည်။

တန်ဆောင်မုန်းလပြည့် အခါသမယသည် လောကမွေ့၌ အထူးခြားဆုံးဖြစ်သည်။ ဗုဒ္ဓဘာသာဝင် သူတော်စင်များအနေဖြင့် နက္ခတ်စုံညီ ကြည်လင်ရွှန်းမြ တန်ဆောင်မုန်းလပြည့် အခါသမယတွင် သာမညဖလ တရားတော် နာကြားပူဇော်ခြင်း၊ ကထိန်သင်္ကန်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ဘာဝနာတရား ပွားများအားထုတ်ခြင်းတို့ဖြင့် ပစ္စုပ္ပန်သံသရာ နှစ်ဖြာသော ကောင်းကျိုးတရားများ ရရှိနိုင်ကြမည် ဖြစ်ပါသည်။ ။

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင် ဖိုရမ်တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် နိုဝင်ဘာ ၂၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ နိုဝင်ဘာ ၁၉ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် 2010 China ASEAN International Wood Culture Forum သို့ တက်ရောက်ရန် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းမှ အလုပ်အမှုဆောင် ဦးဘာဘာချိုသည် နိုဝင်ဘာ ၁၈ ရက်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးအောင်နိုင်ဦးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

2010 China ASEAN International Wood Culture Forum တွင် အာဆီယံ ခြောက်နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ သစ်နှင့်စပ်လျဉ်းသော အဖွဲ့အစည်းများကို ကိုယ်စားပြု၍ သုတေသီ ၁၆ ဦးတို့က စာတမ်းများကို ဖတ်ကြား တင်သွင်းကြမည်ဖြစ်သည်။ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းကလည်း Role of Wood and Wood Carving in Myanmar Society စာတမ်းဖြင့် ပန်းပုလုပ်ရာတွင် အသုံးဝင်သော မြန်မာသစ်မျိုးအချို့၏ ဈေးကွက်တိုးမြှင့်ရေးကို ဆွေးနွေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ကျင်းပမည့် 2010 China ASEAN International Wood Culture Forum သို့ တက်ရောက်ရန် ထွက်ခွာသွားသော မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင် ဦးဘာဘာချိုအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သာသနာရေးဝန်ကြီးဌာန အမှုထမ်းအဆင့် အင်္ဂလိပ်စာအခြေခံသင်တန်းဖွင့်

နေပြည်တော် နိုဝင်ဘာ ၂၀

သာသနာရေးဝန်ကြီးဌာန အမှုထမ်းအဆင့် အင်္ဂလိပ်စာအခြေခံသင်တန်း အမှတ်စဉ် (၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်၊ ဒုတိယဝန်ကြီး သူရဦးအောင်ကို၊ သာသနာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ အရာထမ်း၊ အမှုထမ်းများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဝန်ကြီး သူရဦးမြင့်မောင်က သင်တန်းဖွင့် အမှာစကား ပြောကြားပြီး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယခုဖွင့်လှစ်သည့် သင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၄၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးဝင်းအောင် စီမံခန့်ခွဲရေး သင်တန်း အမှတ်စဉ် (၃၉/၄၀)၊ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ် (၆၈/၆၉) သင်တန်းများ ဆင်းပွဲ အခမ်းအနား၌ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နယ်စပ်/စည်ပင်ဝန်ကြီးဌာန စီမံခန့်ခွဲရေးသင်တန်းနှင့် စာရေးဝန်ထမ်း သင်တန်းများဆင်းပွဲ အခမ်းအနားကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးဝင်းအောင်သည် ယမန်နေ့ နံနက် ၈ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသော စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ် (၃၉/၄၀)၊ စာရေးဝန်ထမ်း သင်တန်း အမှတ်စဉ်(၆၈/၆၉) သင်တန်းများဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ထို့နောက် ကျောင်းအုပ်ကြီးသည် စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ်(၃၉)၌ စံပြသင်တန်းသားဆုရ ဦးကိုကိုထွန်း ဒုတိယဦးစီးမှူး မြိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ်(၄၀)၌ စံပြသင်တန်းသားဆုရ ဦးသန့်ဇင်ဦး ဒုတိယကြီးကြပ်ရေးမှူး ပြည်နယ်ဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး(မုံရွာ)တို့အား လည်းကောင်း၊ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၆၈)၌ စံပြသင်တန်းသားဆုရ ဦးပြည့်ဖြိုးအောင် အငယ်တန်းစာရေး ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၆၉)၌ စံပြသင်တန်းသားဆုရ ဦးမင်းမင်းထွန်း အငယ်တန်းစာရေး ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန(ရုံးချုပ်)တို့အား လည်းကောင်း ထူးချွန်ဆုများ ချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသား ကိုယ်စားလှယ်များထံ ပေးအပ်သည်။

စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ်(၃၉)သို့ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ စည်ပင်သာယာရေးဦးစီးဌာနတို့မှ သင်တန်းသား ၂၇ ဦး ၊ စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ်(၄၀)သို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနတို့မှ သင်တန်းသား ၂၅ ဦး၊ စာရေးဝန်ထမ်း သင်တန်း အမှတ်စဉ်(၆၈)သို့ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ စည်ပင်သာယာရေးဦးစီးဌာနတို့မှ သင်တန်းသား ၃၃ ဦး၊ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၆၉)သို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာနတို့မှ သင်တန်းသား ၂၆ ဦး စုစုပေါင်း သင်တန်းသား ၁၁၁ ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ် ကြာမြင့်ခဲ့သည်။

သင်တန်းများ ဆင်းပွဲအပြီးတွင် ကျောင်းအုပ်ကြီးသည် ဗဟိုလေ့ကျင့်ရေးကျောင်းရှိ စားရိပ်သာ၊ သင်တန်းသားအိပ်ဆောင်များနှင့် နှစ်ရှည်သီးနှံ၊ ရာသီသီးနှံ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ဓာတ်ပုံအသင်း နှစ်(၆၀)ပြည့်အထိမ်းအမှတ် ဓာတ်ပုံအနုပညာပြပွဲကို ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း စင်ထရယ်ဟိုတယ် ပတ္တမြားခန်းမ၌ ပြသထားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ဓာတ်ပုံအသင်း နှစ်(၆၀)ပြည့် အထိမ်းအမှတ် ဓာတ်ပုံအနုပညာပြပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၀

မြန်မာနိုင်ငံ ဓာတ်ပုံအသင်း နှစ်(၆၀)ပြည့် အထိမ်းအမှတ် ဓာတ်ပုံအနုပညာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း စင်ထရယ်ဟိုတယ် ပတ္တမြားခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဂျာနယ်မဂ္ဂဇင်းများမှ သတင်းထောက်များ၊ ဓာတ်ပုံဝါသနာရှင်များနှင့် ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ဓာတ်ပုံအသင်း နာယကများဖြစ်ကြသော ဦးမောင်မောင်သောင်းနှင့် သီဟဦးသိန်းညဏ်၊ မြန်မာနိုင်ငံ ဓာတ်ပုံအသင်းဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးတင်မြင့်(ငြိမ်း) (စစ်ငြိမ်းပန်း)တို့က ဓာတ်ပုံအနုပညာပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ပြပွဲတွင် ဓာတ်ပုံပညာရှင် ၅၆ ဦး၏ လက်ရာဓာတ်ပုံပေါင်း ၁၃၀ ကို ပြသထားပြီး နိုဝင်ဘာ ၁၉ ရက်မှ ၂၁ ရက်အထိ နံနက် ၉နာရီမှ ညနေ ၅ နာရီအတွင်း ဖွင့်လှစ်ပြသထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၁-၁၁-၂၀၁၀(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၅	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၅	၂။	အဖွင့်သီချင်း
၁၁း၁၀	၃။	မျိုးချစ်တပ်မတော်
၁၁း၃၀	၄။	**ကာတွန်းအစီအစဉ် -ချစ်မိတ်ဆွေဗလကြီး (အပိုင်း-၆)**
၁၂း၂၅	၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လျှို့ဝှက်ချက်**
၁၂း၃၀	၆။	ကျန်းမာသုတ
၂း၀၀	၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေးပြယ်ပါစေ (အပိုင်း-၁၇)**
၂း၅၀	၈။	အပိတ်နှုတ်ဆက်စကား
၂း၅၅	၉။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၂၅	၄။	မြတ်နိုးကြစေအမျိုးသားအမွေ
၄း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၄း၃၅	၆။	သာယာသီကြွေးခေတ်ဆန်းတေး
၅း၂၀	၇။	ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း -အေးမြတ်သူစိတ်ကြိုက်ဝတ်စုံ (ဖိုင်နယ်)
၆း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၉။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၀။	ဘဝကြေးမုံ -အိုးမလုံအုံ့ပွင့် (ထွန်းထွန်းဝင်း၊ ဂွမ်းပုံကြီး) (ဒါရိုက်တာ-ဆဲဗင်းအိုင်စီ)
၆း၅၀	၁၁။	ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇း၀၀	၁၂။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောအားမာန် (အပိုင်း-၉)**
၈း၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၄။	အမျိုးသားရေးတေးကဗျာ
	၁၅။	နိုင်ငံတကာသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	ပဟေဠိနန်းတော်
	၁၈။	ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
	၁၉။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သိုင်းသမားခုနစ်ဖော် (အပိုင်း-၁၇)**
	၂၀။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၄)**
	၂၁။	သင့်အတွက်မနက်ဖြန်
	၂၂။	အပိတ်နှုတ်ဆက်စကား
	၂၃။	ပြီးပါပြီ။

❖ ကာကွယ်ရေးဝန်ကြီးဌာနမှ

အခမ်းအနားသို့ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ အမှူးပြုသည့် ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ကာကွယ်ရေးဝန်ကြီးဌာနစခန်းမှူးရုံး စခန်းမှူးနှင့် စခန်းမှူးရုံးမှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဆက်ကပ်လှူဒါန်း

အစီအစဉ်အရ ဗိုလ်ချုပ်လှမင်း၊ ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး စခန်းမှူးတို့က သံဃာတော် အရှင်သူမြတ်တို့အား ကထိန်လျာသင်္ကန်းနှင့် ပရိက္ခရာရှစ်ပါးအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော်ထံမှ အနုမောဒနာတရားတော် နာယူကြသည်။

ဆက်လက်၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ကြွရောက်တော်မူလာကြသည့် သံဃာတော်အရှင်သူမြတ်တို့အား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးမိသားစု ဘုံကထိန် ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ကာကွယ်ရေးဝန်ကြီးဌာန ကန်ဦးပရိယတ္တိစာသင်တိုက် ဓမ္မာရုံ၌ ကျင်းပစဉ်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ စွမ်းအင်ဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၂၀

စွမ်းအင်ဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၉ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန ဝန်ကြီးရုံး ရတနာခန်းမ၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးသန်းဌေး၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများ၊ ရေနံမြေ အထွေထွေမန်နေဂျာများ၊ စက်ရုံမှူးများ၊ တိုင်းဒေသကြီးရောင်းဝယ်ရေးအရာရှိများ၊ အထွေထွေမန်နေဂျာများ၊ ဌာနခွဲမန်နေဂျာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာ၌ ငွေကြေးသုံးစွဲမှုဆိုင်ရာ ကိစ္စရပ်များ၊ စာရင်းစစ်နှင့် လုပ်ငန်းစစ်ဆေးချက်ဆိုင်ရာ ကိစ္စရပ်များ၊ မြေယာအဆောက်အအုံဆိုင်ရာ ကိစ္စရပ်များ၊ ပစ္စည်းစီမံခန့်ခွဲရေးနှင့် လုပ်ငန်းသုံးပစ္စည်းဆိုင်ရာကိစ္စရပ်များကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း ဥပဒေများနှင့်အညီ ရှင်းရှင်းလင်းလင်း ပြီးပြတ်အောင် Zero Setting ဖြစ်အောင် ဆောင်ရွက်သွားကြရန်၊ ပြည်တွင်းသုံးစွဲမှု ဖူလုံစေရေးအတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့ အထွက်တိုးရေး နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်သွားရန် စသည်ဖြင့် ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ သက်ဆိုင်ရာ တာဝန်ခံအရာရှိများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီး ဦးသန်းဌေးက ကဏ္ဍအလိုက် သုံးသပ်ဆွေးနွေးတင်ပြသည်။

ထို့နောက် ဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် လက်ရှိစွမ်းအင်ဝန်ကြီးဌာနက တာဝန်ယူ အကောင်အထည်ဖော်လျက်ရှိသော ကုန်းတွင်း/ကမ်းလွန် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေ တူးဖော်ထုတ်လုပ်နေသော စီမံကိန်းများ၊ ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းမှု စီမံကိန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေးနှင့် ဓာတ်မြေသြဇာစက်ရုံသစ်များ အမြန်ဆုံးလည်ပတ် ထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားကာ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောင်းကြက်ခြေနီ ဆရာ၊ ဆရာမများ အသိပညာပြန့်ပွားရေး အလုပ်ရုံဆွေးနွေးပွဲမှ သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများ မီးသတ်ဦးစီးဌာနသို့ လေ့လာ

ရန်ကုန် နိုဝင်ဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီ ကြီးကြပ်မှုကော်မတီက ကြီးမှူးဖွင့်လှစ်သည့် ရှေးဦးပြုစုခြင်း နည်းပြသင်တန်းနှင့် ကျောင်းကြက်ခြေနီ ဆရာ၊ ဆရာမများ အသိပညာပြန့်ပွားရေး အလုပ်ရုံဆွေးနွေးပွဲတို့၌ တက်ရောက်လျက်ရှိသော အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများနှင့် အုပ်ချုပ်သူ အပါအဝင် ၇၅ ဦးတို့သည် ယနေ့ နံနက် ၉ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန(ရုံးချုပ်)သို့ လာရောက်လေ့လာကြသည်။

အဆိုပါ လေ့လာရေးအဖွဲ့အား ရှင်းလင်းသရုပ်ပြသသည့် အခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အမျိုးသမီးတပ်ဖွဲ့မှူး ကျောင်းများကြက်ခြေနီအသင်းတာဝန်ခံ ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မီးသတ်ဦးစီးဌာန(ရုံးချုပ်) သီတာခန်းမ၌ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး **(အောက်ဝဲပုံ)** လေ့လာရေးအဖွဲ့အုပ်ချုပ်သူများနှင့် သင်တန်းသား၊ သင်တန်းသူ၊ ဆရာ၊ ဆရာမများအား ညွှန်ကြားရေးမှူး ဦးကျော်သူရက မီးသတ်ဦးစီးဌာန လုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားကာ အမှတ်တရလက်ဆောင်များကို အပြန်အလှန် ပေးအပ်ကြသည်။

စွမ်းရည်ပြသ

ဆက်လက်၍ မီးသတ်တပ်ဖွဲ့ဝင်များက အသက်ကယ်နည်းစနစ်သရုပ်ပြသမှုများ၊ အသက်ကယ်ပစ္စည်း ကိရိယာများ သရုပ်ပြသမှုနှင့် အထပ်မြင့် မီးငြိမ်းသတ်ယာဉ်နှင့် အထောက်အကူပြုယာဉ်များ စွမ်းရည်ပြသခြင်းများ သရုပ်ပြသကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စက်ရေတွင်းများ တူးဖော်ပြီး

နွားထိုးကြီး နိုဝင်ဘာ ၂၀

နွားထိုးကြီးမြို့နယ်တွင် မြေအောက်ရေဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်ရေးအတွက် မြင်းခြံခရိုင် ရေအရင်းအမြစ်ဦးစီးဌာနက လေးလက်မ စက်ရေတွင်း ၁၀၀ ကို ခေတ်မီစက်ယန္တရားများဖြင့် ကျေးရွာအုပ်စုများအလိုက် တူးဖော်ပေးလျက်ရှိရာ စက်ရေတွင်း ၃၆ တွင်း တူးဖော်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်းသိရသည်။ (၉၅)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၁၁-၂၀၁၀ (တနင်္ဂနွေနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့" တရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသီရိ)
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၈၁)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၄၈)**
၈း၄၀	ခါတလှည့်. . . လာလှည့်ပါ. . ဆိပ်ခွန်ရွာ. . .
၈း၅၀	ပြီးပြည့်စုံခြင်းများနှင့် Reto Coffee Machine
၉း၁၀	Activities In The City (အချော့ကြိုက်တဲ့မောင့်ရွှေစင်ဦးနှင့်ပန်းသုံးပွင့်အလွမ်းအိမ် စီးရီးမိတ်ဆက်)
၉း၃၀	Sunday Talk [မျိုးမြတ်သူ၊ မောင်လူမွှေး (မြန်မာမှု)]
၁၀း၀၀	ဆံကေသာအလှအတွက် Eushido
၁၀း၂၀	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (မောင်သိန်းဝင်း၏တေးများ)
၁၀း၃၀	ဗီဒီယိုပြခန်း
၁၀း၅၅	ဈေးဝယ်လမ်းညွှန် (Corcana)
၁၁း၃၅	လောကီလောကုတ္တရာ နှစ်ဖြာချမ်းသာဝိသာခါ
၁၁း၄၅	နုယဉ်ဆန်းထွင်သစ်သီးအလှဆင် (သဘော်သီးဖြင့်မီးအိမ်ပြုလုပ်ခြင်း)
၁၂း၁၅	မဟိယင်္ဂဏ(ခေါ်)မရှိခဏ စေတီတော်. . . ဖူးကြစို့နော်
၁၂း၃၀	ပန်းမြို့တော်မှ မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်
၁း၀၀	"တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့" တရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသီရိ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	စကားနပန်း [ဘတ်(စ်)ကားစီးတာကောင်းတယ်၊ ဘတ်(စ်)ကားမစီးတာကောင်းတယ်]
၃း၂၅	Kid's Show
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၄၈)**
၅း၀၀	FMF Selection
၅း၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀	MRTV-4 သတင်း
၆း၂၀	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၈၂)**
၇း၃၀	သွားမယ်စားမယ် (Part's Korea အသားကင်)
၈း၀၀	MRTV-4 သတင်း
၈း၃၀	ဟိုတယ်လမ်းညွှန် (Hotel by the Red Canal)
၉း၁၅	Talent Show (မွန်ပြည်နယ်ကိုကိုနိုင်)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၄၉)**
၁၀း၁၀	ပြီးပြည့်စုံသောအလှတရားအတွက် Angel Fitness Centre
၁၀း၂၅	Barclays Premier League (Fullham Vs Man City)
၁၂း၂၅	မေတ္တာရောင်ပြန် (ဇေယျ၊ ဦးဝင်းမြိုင်၊ စိုးမိုးကြည်) [ဒါရိုက်တာ-ဝင်းမောင်ရွှေ(Art)]
၁၂း၄၀	Royal Reward Resort နှင့်သူ၏ ဆုလာဘ်သခင်
၁း၀၀	Mega Star Talk (ခင်မောင်တိုး) (အပိုင်း-၁)
၁း၂၅	မြန်မာ့တူရိယာစည်တော်ကြီး
၁း၃၅	ရွှေမင်းသား(သို့မဟုတ်)နှလုံးသား ထက်မြက်သူ
၂း၀၀	လှုပ်ရှားစုံစုံမြန်မာ့သုခုမဇာတ်ရုံ (သစ္စာမေတ္တာရွှေမန်းသဘင် တင်မောင်ဆန်းမင်းဝင်း) (အပိုင်း-၁)
၂း၂၀	ဝင့်ကြွားအားမာန်ကတိုက်တမံ
၂း၂၅	ပတ္တမြားမြေသို့ အလည်တစ်ခေါက်
၂း၄၅	မျက်စိအမြင်ရှင်သန်ရေး ပဏာမ မျက်စိကျန်းမာရေးစောင့်ရှောက်ပေး
၃း၀၀	စွဲမက်ဖွယ်ရာရတနာ (ကြည်လင်အေးမြမြကျောက်အလှ) (အပိုင်း-၁)
၃း၃၅	မိုးကုတ်မြို့မှရိုးရာအစားအစာများ နှင့် ဘားနတ်ဈေးသို့ အလည်တစ်ခေါက်
၄း၁၅	RO ဆိုတဲ့ KTM
၄း၄၀	ဖူးမြော်ကြည်ညိုဖွယ်ရာ စစ်ကိုင်းမြို့မှတန်ခိုးကြီးစေတီများ
၄း၅၀	ဆံတော်ရှင်ကျိုက်ထီးရိုးဘုရားဖူး ခရီးသွားမှတ်တမ်း (အပိုင်း-၂)
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၅၅	Blackbum- Aston Villa	ESPN (Live)
၁၀း၂၅	Fullham - Man City	ESPN (Live)

တီဟီရန်မြို့တော်ကို ခရုစ်ဒုံးကျည်ရန်မှကာကွယ်ရန် လေကြောင်းရန်ကာကွယ်ရေးစနစ်တပ်ဆင်

တီဟီရန် နိုဝင်ဘာ ၂၀

အီရန်နိုင်ငံ တီဟီရန်မြို့တော်ကို ခရုစ်ဒုံးကျည်များအန္တရာယ်မှ ကာကွယ်ရေးအတွက် လေကြောင်းရန်ကာကွယ်ရေးစနစ်များ တပ်ဆင်ထားကြောင်း တော်လှန်ရေးအစောင့်တပ် တာဝန်ရှိသူတစ်ဦးက နိုဝင်ဘာ ၁၉ ရက်တွင် ပြောကြားသည်။

အငြင်းပွားလျက်ရှိသည့် နျူကလီးယား အစီအစဉ်နှင့် ပတ်သက်၍ အီရန်နိုင်ငံကို ပြည်ပက တိုက်ခိုက်လာဖွယ်ရာရှိကြောင်း ၎င်းက သတိပေးသည်။

တီဟီရန်မြို့တော်သည် လေကြောင်းရန်ကာကွယ်ရေးစနစ် တပ်ဆင်ထားသော ကမ္ဘာ့မြို့ကြီးများ စာရင်းတွင် တစ်မြို့အပါအဝင်ဖြစ်လာကြောင်း အီရန် တော်လှန်ရေး အစောင့်တပ် လေကြောင်းဌာနအကြီးအကဲ အမ်မာအလီ ဟာဂျီဇာဒါး၏ အဆိုကို ကိုးကား၍ သတင်းများတွင် ဖော်ပြသည်။

တီဟီရန်မြို့တော်တွင် တပ်ဆင်ခဲ့သော လေကြောင်းရန်ကာကွယ်ရေးစနစ်နှင့်ပတ်သက်၍ အသေးစိတ် ထုတ်ဖော် ပြောကြားခြင်းမရှိပေ။ သို့ရာတွင် အဆိုပါလေကြောင်းရန် ကာကွယ်ရေးစနစ်ကို ယခုသီတင်းပတ်အတွင်း ပြုလုပ်နေသော စစ်ရေးလေ့ကျင့်မှုတွင် စမ်းသပ်ခဲ့ပြီးဖြစ်ကြောင်း အမ်မာက ပြောကြားသည်။

အီရန်နိုင်ငံသည် နျူကလီးယားလက်နက် ထုတ်လုပ်နိုင်ရန် ကြိုးပမ်းနေသည်ဟု အစ္စရေးနှင့် အမေရိကန်နိုင်ငံတို့က ယူဆလျက်ရှိပြီး လိုအပ်ပါက စစ်ရေးနည်းလမ်းအရ တားဆီးရန်လည်း စဉ်းစားထားသည်ဟု ဆိုသည်။

မည်သည့် တိုက်ခိုက်မှုမျိုးကိုမဆို အပြင်းအထန်ပြန်လည် တုံ့ပြန်သွားမည်ဖြစ်ကြောင်း အီရန်တာဝန်ရှိသူများက ပြန်လည် ကြုံးဝါးထားသည်။ **အေအက်ဖ်ပီ။**



ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့၌ ကျင်းပနေသော နေတိုးအဖွဲ့၏ ထိပ်သီးညီလာခံ။

အာဖဂန်လုံခြုံရေးတာဝန်ဝတ္တရားများကို အာဖဂန်လုံခြုံရေးတပ်ဖွဲ့ များထံ လွှဲပြောင်းမည်

လစ္စဘွန်း နိုဝင်ဘာ ၂၀ - အာဖဂန်နစ္စတန်နိုင်ငံလုံခြုံရေးတာဝန်ဝတ္တရားများကို ၂၀၁၄ခုနှစ် နှစ်ကုန်နောက်ဆုံးထား၍ အာဖဂန်တပ်ဖွဲ့များထံ လွှဲပြောင်းပေးအပ်ရန် တူရကီနိုင်ငံလစ္စဘွန်းမြို့၌ကျင်းပသော မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)ထိပ်သီးဆွေးနွေးပွဲတွင် ဆုံးဖြတ်လိုက်ကြောင်း နေတိုးအကြီးအကဲက နိုဝင်ဘာ ၂၀ရက်တွင် ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ၏ လုံခြုံရေးထိန်းသိမ်းမှုလုပ်ငန်းစဉ်ကို ၂၀၁၁ခုနှစ်တွင် စတင်ရန်နှင့် ၂၀၁၄ခုနှစ်အမီ အပြီးဆောင်ရွက်ရန် နေတိုးထိပ်သီးဆွေးနွေးပွဲ၏ ဒုတိယနေ့တွင် ဆုံးဖြတ်ချက်ချမှတ်လိုက်ကြောင်း နေတိုးအတွင်းရေးမှူးချုပ် အင်ဒရေဖို့ဂ်ရပ်စ်မြူဆင်က ပြောကြားသည်။

နေတိုးအဖွဲ့ဝင်နိုင်ငံများသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းအတွက် အာဖဂန်နစ္စတန်နိုင်ငံကို အကူအညီ ပေးသွားရန်လည်း သဘောတူညီကြသည်။

နေတိုးထိပ်သီးဆွေးနွေးပွဲသို့ အာဖဂန်နစ္စတန်နိုင်ငံ သမ္မတ ဟာမစ်ကာဇိုင်းနှင့် အာဖဂန်စစ်ပွဲတွင် ပါဝင်ပတ်သက်နေသော နိုင်ငံပေါင်း ၄၈ နိုင်ငံမှ ခေါင်းဆောင်များ တက်ရောက်ကြသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် မိမိတို့၏ မစ်ရှင်လုပ်ငန်းအဆင့်သစ်တစ်ရပ်သို့ ဝင်ရောက်လာပြီဖြစ်ကြောင်း၊ အာဖဂန်နစ္စတန် လုံခြုံရေးတာဝန်ဝတ္တရားများကို နေတိုးတပ်ဖွဲ့က အာဖဂန်အစိုးရအဖွဲ့ထံ နယ်မြေဒေသတစ်ခုချင်းအလိုက် လွှဲပြောင်း ပေးအပ်မည်ဖြစ်ကြောင်း နေတိုးအတွင်းရေးမှူးချုပ်က ပြောကြားသည်။ **အင်တာနက်။**

ကော်စတာရီကာနှင့် နီကာရာဂွါ နယ်မြေပိုင်နက် အငြင်းပွားမှု နိုင်ငံတကာတရားရုံးသို့ရောက်

ဆန်ဟိုဆေး(ကော်စတာရီကာ) နိုဝင်ဘာ ၂၀

ကော်စတာရီကာနိုင်ငံသည် ၎င်းနှင့် နီကာရာဂွါနိုင်ငံတို့အကြား အငြင်းပွားလျက်ရှိသည့် နယ်စပ်ပြဿနာကို နိုင်ငံတကာတရားရုံးသို့ တိုင်တန်းခဲ့ကြောင်း အေပီသတင်းဌာနက သောကြာနေ့တွင် ဖော်ပြသည်။

နီကာရာဂွါနိုင်ငံက ကော်စတာရီကာနှင့် ဆန်ဂျူအန်နယ်စပ်မြစ်တစ်လျှောက် အငြင်းပွားလျက်ရှိသည့် နယ်မြေမှ ၎င်း၏ တပ်များကို ဆုတ်ခွာရန် အမေရိကနိုင်ငံများအဖွဲ့(အိုအေအက်စ်)၏ဆုံးဖြတ်ချက်အား ဥပေက္ခာပြုရန် ဆုံးဖြတ်ခဲ့ခြင်းကြောင့် နယ်သာလန်အခြေစိုက် နိုင်ငံတကာတရားရုံးသို့ တိုင်ကြားခဲ့ခြင်းဖြစ်ကြောင်း ကော်စတာရီကာနိုင်ငံခြားရေးဝန်ကြီး ရိမ်းကက်စ်ထရိုက ပြောသည်။

လွန်ခဲ့သည့်လက အဆိုပါ အငြင်းပွားရာ ဒေသသို့ နီကာရာဂွါက တပ်များ စေလွှတ်ခြင်းသည် ကော်စတာရီကာနိုင်ငံကို ဒေါသထွက်စေခဲ့သည်။

ကုလသမဂ္ဂ၏ တရားရေးဆိုင်ရာ အမြင့်ဆုံး အဖွဲ့အစည်းဖြစ်သည့် နိုင်ငံတကာ တရားရုံးက နီကာရာဂွါ တပ်များကို အငြင်းပွားနယ်မြေမှ ဖယ်ရှားပေးနိုင်မည်ဟု ယုံကြည်ကြောင်း ကက်စ်ထရိုက ကြာသပတေးနေ့တွင် သတင်းထောက်များအားပြောကြားခဲ့သည်။ **အေပီ။**

နယူးဇီလန် မိုင်းတွင်းပေါက်ကွဲမှု ဓာတ်ငွေ့များကြောင့် ကယ်ဆယ်ရေးလုပ်ငန်းကြန့်ကြာ

ဝယ်လင်တန် နိုဝင်ဘာ ၂၀ - ပြင်းထန်သော ပေါက်ကွဲမှုတစ်ရပ် နိုဝင်ဘာ ၁၉ ရက်တွင် ဖြစ်ပွားခဲ့ပြီးနောက် ပိုက်ရေးဗား ကျောက်မီးသွေးတွင်း ၌ အဆိပ်အတောက်ဖြစ်စေတတ်သော ဓာတ်ငွေ့များ ထွက်ပေါ်လျက်ရှိရာ မြေအောက်၌ ပျောက်ဆုံးနေသော အလုပ်သမား ၂၉ ဦးကို ရှာဖွေကယ်တင်ရေးအတွက် အခက်အခဲရှိနေကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

ကျောက်မီးသွေးတွင်းထဲ၌ ပျံ့လွင့်နေသော မီသိန်းနှင့် ကာဗွန်မိုနော့ဆိုက်ဓာတ်ငွေ့များသည် အတိုင်းအဆ အလွန်များပြားခြင်းကြောင့် ကယ်ဆယ်ရေးဝန်ထမ်းများ တွင်းထဲသို့ဆင်းသက်၍ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် အခွင့်မသာသေးကြောင်း ကယ်ဆယ်ရေးတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် မိုင်းလုပ်သားနှစ်ဦး မိုင်းတွင်းထဲမှ အသက်ရှင်လျက် လွတ်မြောက်လာသော်လည်း ကျန်၂၉ဦးတို့ကို အဆက်အသွယ်ပြုလုပ်၍ မရသေးပေ။

ပျောက်ဆုံးနေသူ ၂၉ ဦးတို့သည် ကျောက်မီးသွေးတွင်း၏ မြေအောက် အနက် ၁ ဒသမ ၂ မိုင်ခန့်တွင် ရှိနေလိမ့်မည်ဟု ယုံကြည်ရကြောင်း နယူးဇီလန်ရဲတပ်ဖွဲ့က ပြောကြားသည်။

ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ကျောက်မီးသွေးတွင်းထဲရှိ လေထုအရည်အသွေးကို ၂၄နာရီလုံးလုံး တိုင်းတာစစ်ဆေးခဲ့ရာ ဓာတ်ငွေ့ပမာဏသည် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်နိုင်လောက်သည်အထိ မကျဆင်းသေးဟု ဆိုသည်။

နိုဝင်ဘာ ၂၁ ရက်တွင် လေထုအရည်အသွေးစစ်ဆေးမှု ထပ်မံပြုလုပ်မည်ဖြစ်ပြီး ကယ်ဆယ်ရေးသမားများကိုလည်း အသင့်ပြင်ဆင်ထားကြောင်း တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ကျောက်မီးသွေးဓာတ်ငွေ့ လောင်ကျွမ်းရာမှ အစပြု၍ ပေါက်ကွဲမှုဖြစ်ပွားခဲ့ဖွယ်ရှိပြီး ပေါက်ကွဲမှုကြောင့် ကျောက်မီးသွေးတွင်း၏ လေဝင်ပေါက်လည်း ပျက်စီးခဲ့ရကြောင်း ပိုက်ရေးဗားမိုင်းတွင်းကုမ္ပဏီ တာဝန်ရှိသူက ပြောကြားသည်။ **အေပီ။**

ကျောက်မီးသွေးတွင်းပေါက်ကွဲမှုကြောင့် ပျောက်ဆုံးနေသူများအတွက် ဝမ်းနည်းပူဆွေးနေကြသောဆွေမျိုးညာတိများ။

နိုင်ဂျီးရီးယားပြန်ပေးဂိုဏ်းခေါင်းဆောင်ဖမ်းမိ

ပို့ဟာကောက် (နိုင်ဂျီးရီးယား) နိုဝင်ဘာ ၂၀

နိုင်ဂျီးရီးယားနိုင်ငံ ရေနံကြွယ်ဝသည့် နိုင်ဂျာမြစ်ဝကျွန်းပေါ်ဒေသမှ ရေနံလုပ်သား ၁၉ ဦးကို ပြန်ပေးဆွဲရာတွင် နောက်ကွယ်မှ တာဝန်ရှိသူဟု ယူဆရသော စစ်သွေးကြွ ဂိုဏ်းခေါင်းဆောင်ကို နောက်လိုက်ငယ်သား ၅၁ နှင့် အတူ နိုင်ဂျီးရီးယားစစ်ဘက်က ဖမ်းဆီးနိုင်ခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက စနေနေ့တွင် ပြောကြားသည်။

ရေးဗားပြည်နယ် စခန်းတစ်ခု၌ ဂိုဏ်းခေါင်းဆောင်ဟု လူသိများသော အိုပီးဆီး၏ ဖမ်းဆီးခြင်းခံထားရပြီးနောက် ဗုဒ္ဓဟူးနေ့က ပြန်ပေးဆွဲခံထားရသူများ ပြန်လည်လွတ်မြောက်လာခဲ့သည်။

ယင်းပြည်နယ်အတွင်း ဘွန်းနီမြို့အနီး၌ အပြန်အလှန်ပစ်ခတ်ကြပြီးနောက် အိုပီးဆီးကို နောက်ပါ ၅၁ ဦးနှင့်အတူ စစ်ဘက်က ဖမ်းဆီးနိုင်ခဲ့သည်။

အာဖရိက၏ အကြီးဆုံးရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းများတည်ရှိရာ နိုင်ဂျာမြစ်ဝကျွန်းပေါ်ဒေသရှိ စစ်သွေးကြွစခန်းများကို သိမ်းနိုင်ခဲ့ကြောင်း လက်နက်ကိုင် တပ်ဖွဲ့ဝင်များ၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ **အမ်အင်အေ၊ ရိုက်တာ။**



ဂါဇာကမ်းမြောင်ဒေသ ဒီယာအီးလ်ဘာလားမြို့၌ အစ္စရေးနိုင်ငံ၏ လေကြောင်းထိုးစစ်ကြောင့်ပျက်စီးခဲ့သော နေအိမ်တစ်လုံးအား ပါလက်စတိုင်းဒေသခံများ ကြည့်ရှုနေသည်ကို နိုဝင်ဘာ ၁၉ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အစ္စရေးလေယာဉ်များ ဂါဇာကို တိုက်ခိုက်

ဂျေရုဆလင် နိုဝင်ဘာ ၂၀

အစ္စရေးနိုင်ငံကို ဒုံးကျည်များဖြင့် ပစ်ခတ်ခြင်းအား လက်တုံ့ပြန်သည့်အနေဖြင့် ဂါဇာအတွင်းရှိ မှောင်ခိုပစ္စည်းများ သယ်ယူသော ဥမင်လိုဏ်ခေါင်းတစ်ခုအား စစ်လေယာဉ်များက စနေနေ့တွင် တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးလေတပ်ဖွဲ့က ပြောကြားသည်။ သောကြာနေ့ ညသန်းခေါင်အချိန်ခန့်တွင် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု အစ္စရေး ကာကွယ်ရေးတပ်ဖွဲ့များ၏ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ပြောသည်။

အစ္စရေးစစ်လေယာဉ်များသည် ခန်ယူနစ်မြို့အနီးရှိ အစ္စလာမ့်ဂျီဟတ်စခန်းတစ်ခု၊ ဒီယာအီးလ်ဘာလားရှိ အိမ်တစ်လုံးနှင့် ရာဖေးမြို့ရှိ မြေကွက်လပ်တစ်ခုတို့ကို ပစ်မှတ်ထား၍ အစ္စရေးလေယာဉ်များက တိုက်ခိုက်ခဲ့ကြောင်း ပါလက်စတိုင်း အာဏာပိုင်များက ပြောသည်။ ဒီယာအီးလ်ဘာလားမြို့ကို တိုက်ခိုက်ရာတွင် အရပ်သားလေးဦး ဒဏ်ရာရရှိသွားကြောင်း ပါလက်စတိုင်း ဆေးဘက်ဆိုင်ရာမှ သတင်းရရှိသည်။ ဤသို့လေကြောင်းမှ တိုက်ခိုက်ခြင်းသည် လွန်ခဲ့သည့် ၂ ရက်အတွင်း အစ္စရေးနိုင်ငံအတွင်းသို့ မော်တာကျည် ၁၀ စင်းနှင့် ဂီရက်ဒ်ဒုံးကျည်တစ်စင်း ပစ်ခတ်ခြင်းကို လက်တုံ့ပြန်ခြင်းဖြစ်သည်ဟု ဆိုသည်။ **အေပီ။**

စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုအပြီး ကယ်ဆယ်ရေး လုပ်ဆောင်သူများ နစ်နာကြေးရမည်

နယူးယောက် နိုဝင်ဘာ ၂၀ - စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာန အဆောက်အအုံ ပြိုကျခဲ့ပြီးနောက် ယင်းအဆောက်အအုံအပျက်အစီးများအတွင်း လုပ်ကိုင်ခဲ့ကြရသူများအား နစ်နာကြေးပေးရန် အာဏာပိုင်များက သဘောတူညီကြကြောင်း အမေရိကန်သတင်းဌာနများက နိုဝင်ဘာ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ကယ်ဆယ်ရေးသမားများ၊ အလုပ်သမားများနှင့် ရဲတပ်ဖွဲ့ဝင်များ စုစုပေါင်း လူ ၁၀၀၀၀ ကျော်က ကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာန အဆောက်အအုံ အပျက်အစီးများအတွင်း ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်ပေးခဲ့ရာတွင် ကျန်းမာရေးဝတ်စုံများကို အလုံအလောက် ထောက်ပံ့ပေးနိုင်ခြင်းမရှိသဖြင့် အဆိပ်အတောက်ဖြစ်စေသော အမှုန့်များနှင့် အနံ့ဆိုးများကို ရှူရှိုက်ခဲ့ရကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာန အဆောက်အအုံပျက် ရှင်းလင်းရေးလုပ်ငန်း၌ ပါဝင်လုပ်ဆောင်ခဲ့ရာမှ ကျန်းမာရေး ထိခိုက်ရမှုအတွက် နစ်နာကြေး ဒေါ်လာ ၆၂၅ သန်းပေးရန် နယူးယောက်မြို့ အာဏာပိုင်များက သဘောတူမှုရရှိကြောင်း နယူးယောက် မြို့တော်ဝန် မိုက်ကယ်ဘလွန်းဘတ်ဂ်က ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

အဆိုပါ ကယ်ဆယ်ရေး အဖွဲ့ဝင်များသည် ၎င်းတို့၏ ကျန်းမာရေး ထိခိုက်ခဲ့ရမှုအတွက် နစ်နာကြေးပေးရန် တရားစွဲဆိုခဲ့ကြသည်။

ကယ်ဆယ်ရေးလုပ်ငန်းတွင် ပါဝင်လုပ်ဆောင်ခဲ့ရာမှ အသက်ရှူလမ်းကြောင်းဆိုင်ရာ ဝေဒနာများကို ခံစားခဲ့ကြရသူများအတွက် နစ်နာကြေးပေးရန် သဘောတူညီကြောင်း မြို့တော်ဝန်၏ ကြေညာချက်တွင်ဖော်ပြသည်။ **အင်တာနက်။**

စစ်ရေးနှင့်လုံခြုံရေးဆိုင်ရာ ပုဂ္ဂလိက ကုမ္ပဏီများနှင့် ပတ်သက်သော စည်းမျဉ်းများ တောင်အာဖရိက တင်းကျပ်ရန်လို

ပရီတိုးရီးယား နိုဝင်ဘာ ၂၀ - တောင်အာဖရိကနိုင်ငံသည် ၎င်း၏ နိုင်ငံသားများ ကမ္ဘာတစ်ဝန်းရှိ စစ်ရေးနှင့်လုံခြုံရေးဆိုင်ရာ ပုဂ္ဂလိကကုမ္ပဏီများ၌ ကြေးစားတပ်ဖွဲ့ဝင်များအဖြစ် တာဝန်ထမ်းဆောင်လာခြင်းအား တားဆီးရန် စစ်ရေးနှင့်လုံခြုံရေးဆိုင်ရာ ကုမ္ပဏီများအတွက် ချမှတ်ထားသော စည်းမျဉ်းများကို ပိုမိုတင်းကျပ်ရန်လိုကြောင်း ကုလသမဂ္ဂ ကျွမ်းကျင်သူတစ်ဦးက နိုဝင်ဘာ ၁၉ ရက်တွင် ပြောကြားသည်။

တောင်အာဖရိကနိုင်ငံတွင် လူဖြူအစိုးရအုပ်ချုပ်ခဲ့စဉ်ကာလမှ တောင်အာဖရိက တပ်သားဟောင်းများကို အမေရိကန်နှင့် ဗြိတိန်အပါအဝင် ကမ္ဘာ့နိုင်ငံများ၌ မှတ်ပုံတင်ထားသော စစ်ရေးနှင့် လုံခြုံရေးကုမ္ပဏီများက ခေါ်ယူလိုကြကြောင်းကို ကုလသမဂ္ဂ ကျွမ်းကျင်သူတို့က ပြောကြားသည်။

တောင်အာဖရိကနိုင်ငံသည် ကြေးစားတပ်ဖွဲ့ဝင်များ ငှားရမ်းအသုံးပြုမှုကို ကန့်သတ်ရန်အတွက် ဥပဒေတစ်ရပ်ကို ၂၀၀၆ ခုနှစ်က ပြဋ္ဌာန်းခဲ့သည်။ သို့ရာတွင် ယင်းဥပဒေသည် အာဏာသက်ဝင်ရန်အတွက် လိုအပ်ချက်များ ရှိနေဆဲဖြစ်ကြောင်း ကျွမ်းကျင်သူတို့က သုံးသပ်သည်။

တောင်အာဖရိကနိုင်ငံ၌ လူအင်အားစုဆောင်းသော ပုဂ္ဂလိကစစ်ရေးနှင့် လုံခြုံရေးကုမ္ပဏီများနှင့်ပတ်သက်သည့် စည်းမျဉ်းဥပဒေများကို လေ့လာစစ်ဆေးရန် ကုလသမဂ္ဂကြေးစားတပ်ဖွဲ့များဆိုင်ရာ ကျွမ်းကျင်သူအဖွဲ့က ယင်းနိုင်ငံသို့ ၁၀ ရက်ကြာ သွားရောက်ခဲ့သည်။

လူဖြူအစိုးရ အုပ်ချုပ်ရေးအဆုံးသတ်ပြီးသည့်နောက် တောင်အာဖရိက တပ်သားဟောင်းများသည် ကမ္ဘာတစ်ဝန်းရှိ စစ်ရေးကုမ္ပဏီများတွင် ကြေးစားတပ်ဖွဲ့ဝင်များအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပြီး တောင်အာဖရိကနိုင်ငံသည်လည်း ပုဂ္ဂလိကစစ်ရေးဆိုင်ရာ ကုမ္ပဏီများအတွက် ကြေးစားတပ်ဖွဲ့ဝင် စုဆောင်းရာနိုင်ငံဖြစ်လာသည်။ **အေအက်ဖ်ပီ။**

လူမဲ့လေယာဉ်တိုက်ခိုက်ရေးဇုန် တိုးချဲ့ရေးတောင်းဆိုချက် ပါကစ္စတန်ငြင်းပယ်

အစ္စလာမ္မာဘတ် နိုဝင်ဘာ ၂၀ - တာလီဘန်နှင့် အယ်လ်ခိုင်ဒါများကို အမေရိကန်မောင်းသူမဲ့လေယာဉ်များက ပစ်မှတ်ထားတိုက်ခိုက်နိုင်မည့် နယ်ပယ်အဝန်းအဝိုင်းအား တိုးချဲ့ပေးရန် အမေရိကန်၏တောင်းဆိုမှုအား ပါကစ္စတန်နိုင်ငံကငြင်းပယ်ခဲ့ကြောင်း ပါကစ္စတန်တာဝန်ရှိသူတစ်ဦးက စနေနေ့တွင်ပြောကြားသည်။

အာဖဂန်နစ္စတန်နယ်စပ်အနီး ပါကစ္စတန်မျိုးနွယ်စုဒေသများရှိ စစ်သွေးကြွခြေကုပ်စခန်းများအား အမေရိကန်မောင်းသူမဲ့လေယာဉ်များက တိုက်ခိုက်နေခြင်းကို မတတ်သာ၍ လက်ခံနေရသော်လည်း တိုက်ခိုက်ရေးဇုန်ကို လူနေထူထပ်သောဒေသများအထိ တိုးချဲ့ရေးအား ပါကစ္စတန်အနေဖြင့် လက်ခံမည်မဟုတ်ကြောင်း ထိပ်တန်းထောက်လှမ်းရေး တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ပါကစ္စတန်နိုင်ငံရှိ မျိုးနွယ်စုဒေသများ၌ မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုများကို အမေရိကန်ပြည်ထောင်စုက တိုးမြှင့်လုပ်ဆောင်လျက်ရှိရာ ယခုနှစ်အတွင်း တိုက်ခိုက်မှုအကြိမ် ၁၀၀ကျော်ခဲ့ပြီဖြစ်သည်။

အာဖဂန်စစ်မြေပြင်ရှိ နိုင်ငံတကာတပ်ဖွဲ့များကို တိုက်ခိုက်ရန်ကြံစည်နေသော စစ်သွေးကြွ ထိပ်တန်းခေါင်းဆောင်များ ပုန်းခိုနေသည်ဟု ယူဆရသည့် မြောက်ဝါဇီရစ္စတန်ဒေသတွင် လူမဲ့လေယာဉ်တိုက်ခိုက်မှု အများဆုံး လုပ်ဆောင်ခဲ့သည်။

ပိုင်နက်ကျူးကျော် လုပ်ဆောင်သည့် လူမဲ့လေယာဉ်တိုက်ခိုက်မှုများသည် နိုင်ငံ၏ အချုပ်အခြာကို ချိုးဖောက်ခြင်း ဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံက တရားဝင် ရှုတ်ချထားသည်။ **အေပီ။**

ပါကစ္စတန်နိုင်ငံ မြောက်ဝါဇီရစ္စတန်ဒေသတွင် စစ်သွေးကြွများကို ရှာဖွေထောက်လှမ်းနေသည့် အမေရိကန် လူမဲ့လေယာဉ်တစ်စင်း။
(ဓာတ်ပုံ-အင်တာနက်)

အယ်လ်ခိုင်ဒါနှင့်အပေါင်းအပါများ ဂျာမန်ပါလီမန်လွှတ်တော်ကို တိုက်ခိုက်ရန်စီစဉ်ဟုဆို

ဘာလင် နိုဝင်ဘာ ၂၀

အယ်လ်ခိုင်ဒါအဖွဲ့နှင့် ၎င်း၏မဟာမိတ်များသည် ဂျာမန်ပါလီမန်လွှတ်တော်၌ အကြမ်းဖက်တိုက်ခိုက်ရန် ကြံစည်နေကြောင်း နိုဝင်ဘာ ၂၂ ရက်တွင် ထုတ်ဝေမည့် ဂျာမန်သတင်းမဂ္ဂဇင်း စပီဂျဲလ်တွင် ဖော်ပြထားသည်။

ဘာလင်မြို့တော်ရှိ ဂျာမနီနိုင်ငံ၏ သမိုင်းဝင် ရိုက်ချ်စတတ်အဆောက်အအုံခေါ် ပါလီမန်လွှတ်တော်၌ ဓားစာခံဖမ်းဆီးခြင်း အပါအဝင် အကြမ်းဖက်တိုက်ခိုက်မှုများကို အကြမ်းဖက်သမားများက လုပ်ဆောင်မည်ဖြစ်ကြောင်း အဆိုပါ မဂ္ဂဇင်းတွင် ဖော်ပြထားသည်။

အယ်လ်ခိုင်ဒါတို့၏အကြံအစည်ကို ယင်းအဖွဲ့နှင့်ပတ်သက်လိုခြင်းမရှိသော ပြည်ပရှိစစ်သွေးကြွတစ်ဦးက ဂျာမန်ဖက်ဒရယ် ရာဇဝတ်မှုရုံး (ဘီကေအေ)သို့ တယ်လီဖုန်းအသုံးပြု၍ ကြိမ်ဖန်များစွာ သတင်းပေးခဲ့ကြောင်း စပီဂျဲလ်မဂ္ဂဇင်း၏အဆိုအရ သိရသည်။ ယင်းသို့ သတင်းရရှိမှုကြောင့် ဂျာမန်၏ပိုင်နက်မြေအတွင်း အစ္စလာမ့်စ်အစွန်းရောက်တို့က အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်လာမည့်အရေးကို ရင်ဆိုင်ရန် လုံခြုံရေးအဆင့်မြှင့်တင်ရေးအတွက် ဂျာမန်ပြည်ထဲရေးဝန်ကြီးဌာနက နိုဝင်ဘာ ၁၉ ရက်တွင် သတိပေးခဲ့ရသည်ဟုဆိုသည်။

ပြည်တွင်းလုံခြုံရေးအဆင့် တိုးမြှင့်မှု၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ရိုက်ချ်စတတ်အဆောက်အအုံဝန်း ကျင်၌ လုံခြုံရေး အတားအဆီးများ ချထားကြောင်း သတင်းတွင် ဖော်ပြသည်။

ဂျာမန်ပါလီမန်လွှတ်တော်ကို အကြမ်းဖက်တိုက်ခိုက်မည့်သူများမှာ ခြောက်ဦးပါအဖွဲ့တစ်ဖွဲ့ဖြစ်ကြောင်း စပီဂျဲလ်မဂ္ဂဇင်း၏ အဆိုအရ သိရသည်။ ယင်းအပြင်တိုက်ခိုက်မှုများကို ဖေဖော်ဝါရီလ သို့မဟုတ် မတ်လတွင် လုပ်ဆောင်မည်ဖြစ်ကြောင်း မဂ္ဂဇင်းတွင် ဖော်ပြသည်။

စပီဂျဲလ်မဂ္ဂဇင်း၏ ဖော်ပြချက်နှင့်ပတ်သက်၍ ဂျာမန်ရဲတပ်ဖွဲ့နှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့က မည်သည့်မှတ်ချက်မျှ မပေးသေးပေ။ **အေအက်ဖ်ပီ။**

ရိုက်ချ်စတတ်အဆောက်အအုံခေါ် ဂျာမန်ပါလီမန်လွှတ်တော်။

အင်အားပြင်းလျှင်လှုပ်စေနိုင်သော မြေလွှာပြတ်ရွေ့ကြော လှုပ်ရှားမှု ရော့ကီးတောင်တန်း၌တွေ့ရှိ

ဘော်စတွန် နိုဝင်ဘာ ၂၀ - အမေရိကန်ပြည်ထောင်စု အိုက်ဒါးဟိုးပြည်နယ် ရော့ကီးတောင်တန်းဒေသ၌ လှုပ်ရှားမှုရှိသော မြေလွှာပြတ်ရွေ့ကြောတစ်ခုကို သိပ္ပံပညာရှင်များက မြေပုံထုတ်ရှာဖွေနိုင်ခဲ့ကြောင်း နိုဝင်ဘာ ၁၈ရက် သတင်းများတွင် ဖော်ပြသည်။

အဆိုပါ ပြတ်ရွေ့ကြောကြောင့် အင်အားရစ်ချ်တာစကေး ၇ဒသမ၅အဆင့်ရှိ အဖျက်စွမ်းအားကြီးမားသော မြေငလျင်တစ်ခု လာမည့်ဆယ်စုနှစ်အတွင်း လှုပ်ခတ်နိုင်ကြောင်း အိုက်ဒါးဟိုးပြည်နယ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက သတိပေးသည်။

မိုင်ပေါင်း ၄၀ ပတ်လည်ရှိသော မြေလွှာချပ်ကြီးသည် အိုက်ဒါးဟိုးပြည်နယ် စတန်လေမြို့ငယ်လေးအနီးသို့ ချဉ်းကပ်ရွေ့လျားလျက်ရှိကြောင်း၊ အဆိုပါ မြေလွှာချပ်ကြီးရွေ့လျားမှုကြောင့် ဖြစ်ပေါ်လာသည့် ငလျင်သည် ယင်းဒေသကို ပျက်စီးစေနိုင်ကြောင်း သတင်းတွင် ဖော်ပြသည်။

သိပ္ပံပညာရှင်များ၏ လေ့လာချက်အရ ယခုရှာဖွေတွေ့ရှိသော ပြတ်ရွေ့ကြောကြောင့် လွန်ခဲ့သော နှစ်ပေါင်း ၇၀၀၀ ခန့် တွင်တစ်ကြိမ်၊ နှစ်ပေါင်း ၄၀၀၀ခန့်တွင် တစ်ကြိမ် စုစုပေါင်း မြေငလျင်နှစ်ကြိမ် လှုပ်ခတ်ခဲ့ဖူးကြောင်းသိရသည်။

ယင်းအတွက်ကြောင့် အိုက်ဒါးဟိုးပြည်နယ်၌ နှစ်ထောင်ပေါင်းများစွာကြာတိုင်း မြေလွှာလှုပ်ရှားမှုတစ်ရပ် ထင်ထင်ရှားရှား ဖြစ်ပေါ်လေ့ရှိကြောင်း သိပ္ပံပညာရှင်များက ယုံကြည်ထားသည်။

အိုက်ဒါဟိုးပြည်နယ် စတန်လေမြို့အတွင်း နေထိုင်သူများအဖို့ မြေငလျင်လှုပ်ခတ်ပါက မည်သို့လုပ်ဆောင်ရမည်ကို အရေးပေါ် ဘေးအန္တရာယ်ကာကွယ်ရေးဌာနများက အသေးစိတ်ညွှန်ကြားထားရန်လိုကြောင်း၊ ယင်းပြည်နယ်၌ နေထိုင်သူများအတွက် ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများလိုအပ်ကြောင်း ဘူမိဗေဒပညာရှင်တစ်ဦးက သတိပေးသည်။ **အင်တာနက်။**

အာဖဂန်၌ အသေခံဗုံးခွဲတိုက်ခိုက်

မက်တာလန် (အာဖဂန်နစ္စတန်) နိုဝင်ဘာ ၂၀

အာဖဂန်နစ္စတန် နိုင်ငံအရှေ့ပိုင်းတွင် စက်ဘီးစီး အသေခံ ဗုံးခွဲသူများ၏ တိုက်ခိုက်မှုကြောင့် လေးဦးသေဆုံးပြီး ၃၁ ဦး ဒဏ်ရာရရှိကြောင်း စနေနေ့ရိုက်တာသတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။

လက်ဂ်မင်းပြည်နယ်မြို့တော် မီတာလန်ရှိ ရဲတပ်ဖွဲ့စစ်ဆေးဂိတ်တွင် အသေခံဗုံးခွဲသူတစ်ဦးက ဗုံးဖောက်ခွဲခဲ့ကြောင်း၊ ဒုတိယအသေခံဗုံးခွဲသူက မီတာရာပေါင်းများစွာ ကွာဝေးသော အရပ်တွင် ထပ်မံဗုံးခွဲတိုက်ခိုက်ခဲ့ကြောင်း လက်မန်ပြည်နယ် အုပ်ချုပ်ရေးမှူး အိုင်ဘောလ်အဇီးဇီးက ရိုက်တာသို့ ပြောကြားသည်။

လွန်ခဲ့သည့် ရက်သတ္တတစ်ပတ်အတွင်း အကြမ်းဖက်တိုက် ခိုက်မှုများ အဆက်မပြတ် ဖြစ်ခဲ့ပြီးနောက် ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့၌ ကျင်းပနေသည့် နေတိုးထိပ်သီး ဆွေးနွေးပွဲ ဒုတိယနေ့တွင် ယခုဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

သေဆုံးသူ အားလုံးမှာ အရပ်သားများဖြစ်ကြကြောင်း၊ အများစုမှာ မော်တာတပ်ဘီးတပ်စက်ဘီးဖြင့် ခရီးသွားနေစဉ် သေဆုံးရခြင်းဖြစ်ကြောင်း အဇီးဇီးက ပြောသည်။ **အမ်အင်အေ၊ ရိုက်တာ။**

သာမညဖလ၊ သုတ္တန်လှ ဟောပြတန်ဆောင်မုန်း

ဖိုးရန်နိုင်
(ကျောက်ကြီး)

တန်ဆောင်မုန်းလသည် မြန်မာလတစ်ဆယ့်နှစ်လတွင် ရှစ်လမြောက်ဖြစ်၍ ပထမလဝက်သည် မိုးရာသီ၌ပါဝင်ပြီး ဒုတိယလဝက်သည် ဆောင်းရာသီ၌ ပါဝင်ပါသည်။ မုတ်သုံမိုးကာလလွန်မြောက်၍ ဆောင်းဦးရာသီသို့ ဝင်ရောက်စ ကာလဖြစ်ပါသည်။ မိုးလေကင်းစင်၍ နက္ခတ်တာရာများ အစုံအလင် ထွန်းလင်းတောက်ပသောအခါလည်း ဖြစ်ပါသည်။ စပါးနှံများ သီးကင်းအဖြစ်မှကျော်လွန်ကာ အနှစ်အခဲ ဝတ်ဆံလေးများ တင်းမာဖုံးလုံးလာချိန်ဖြစ်၍ စပါးစိုက်တောင်သူများ မိမိတို့၏ စပါးခင်းများကိုကြည့်ကာ ပီတိဖြာနေကြသည့် "ဖုံးတုန်း လုံးတုန်း-တန်ဆောင်မုန်း" ကာလလည်း ဖြစ်ပါသည်။

တန်ဆောင်မုန်းလတွင် ရာသီက "ဗြိစ္ဆာ"၊ ရာသီပန်းက "ခဝဲပန်း"၊ နက္ခတ်က ကြတ္တိကာနှင့် ကြီးတာရာတို့သည် လနှင့်ယှဉ်၍ ထွန်းလင်းကြသည်။ ကြတ္တိကာနက္ခတ်မှာ လူအများသိပြီးဖြစ်သည့် ဖျောက်ဆိပ်ကြယ်စုဖြစ်ပါသည်။ ထိုကြယ်စုသည် သင်တုန်းဓားသွားသဏ္ဍာန်တူ၍ လုံးရေခြောက်လုံး၊ ခုနစ်လုံးသာရှိသည်ဟုဆိုကြသော်လည်း အမရပူရခေတ်က နန်းသုံးမှန်ပြောင်းကြီးနှင့် ကြည့်သည့်အခါ ကြယ်ကြီး ၁၁ လုံးအပါအဝင် လုံးရေ လေးဆယ်ကျော်ရှိကြောင်း သိရပါသည်။ တန်ဆောင်မုန်းလတွင် ရှေးမြန်မာတို့ အစဉ်အလာကျင်းပခဲ့သည့် ရာသီပွဲများမှာ ကထိန်သင်္ကန်း ကပ်လှူပွဲ၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ၊ ပုံ့သကူ ပစ်ပွဲ၊ ကြာသင်္ကန်းကပ်လှူပွဲ၊ တန်ဆောင်တိုင်မီးထွန်းပွဲနှင့် ရှင်မာလဲပွဲတို့ ဖြစ်ကြပါသည်။

ထိုရာသီပွဲတော်များအနက် **"ကထိန်သင်္ကန်းကပ်လှူပွဲ"**မှာ ထင်ရှားလှ ပါသည်။ "ကထိန"ဟူသောပါဠိကို "ကထိန်"ဟု မြန်မာမှုပြုကာ မြန်မာဝေါဟာရအဖြစ် သုံးစွဲခေါ်ဝေါ်ကြခြင်းဖြစ်ပါသည်။ ပဒုမဘုရား၊ ပဒုမုတ္တရဘုရားရှင်တို့လက်ထက်တွင် ကထိန်ခွင့်ပြုခဲ့ကြောင်း ဗုဒ္ဓစာပေများ၌ တွေ့နိုင်ပါသည်။ ပဒုမဘုရားရှင်လက်ထက်က သင်္ကန်းချုပ်ရာတွင် ဘုရားရှင်ကိုယ်တိုင် အပ်နဖားထိုးကာ ကူညီခဲ့သည်ဟုဆိုပါသည်။

ဗုဒ္ဓဘုရားရှင်လက်ထက်တော် အခါက ဘဒ္ဒဝဂ္ဂီရဟန်းညီနောင်သုံးကျိပ်တို့ ဗုဒ္ဓဘုရားကို ဖူးမြော်ရန် ပါဝါမြို့မှ သာဝတ္ထိပြည်သို့လာစဉ်လမ်း၌ ဝါဝင်သွားသဖြင့် သာကေတမြို့၌ ဝါဆိုခဲ့ကြရသည်။ ဝါကျွတ်သောအခါ ခရီးဆက်ထွက်ခဲ့ရာ သာဝတ္ထိပြည်မရောက်မီ မိုးသက်မုန်တိုင်းမိပြီး လဲလှယ်စရာ သင်္ကန်းပင်မရှိတော့သည်ကို ဘုရားရှင်သိရှိသွားသဖြင့် ထိုရဟန်းသုံးကျိပ်ကို သင်္ကန်းအလှူခံ၍ ကထိန်ခင်းခွင့်ပြုသည်။ ထိုမှစတင်ကာ တန်ဆောင်မုန်းလရောက်တိုင်း ဗုဒ္ဓဘာသာဝင်များ ကထိန်အလှူပွဲ ကျင်းပသည့်ရိုးရာဓလေ့ စတင်လာခဲ့ခြင်း ဖြစ်ပေသည်။ သမိုင်းမှတ်တမ်းများအရ ပုဂံခေတ်မှစ၍ ရှေးမြန်မာတို့၏ ကထိန်အလှူပွဲလုပ်ကြသည်ကို တွေ့ကြရပါသည်။ ကထိန်သင်္ကန်းကို လှူဒါန်းသော အလှူရှင်တို့သည် အောက်ပါအကျိုးတရားငါးပါးကို ရရှိနိုင်ပါသည်-

- **သွားလေရာအရပ်၌ ဘေးအန္တရာယ်ကင်းခြင်း။**
- **မိမိပိုင်ပစ္စည်းများကို ရန်သူတို့ မဖျက်ဆီးနိုင်ခြင်း။**
- **စားကောင်းသောက်ဖွယ်ရာများ ပေါများ၍ အဆိပ်မသင့်ခြင်း။**
- **မိမိပိုင်ပစ္စည်းများ မေ့လျော့နေသော်လည်း မဆုံးပါးခြင်း။**
- **စီးပွားရှာရာတွင် လူတကာတို့ထက်ထူး၍ အစုလိုက်အပုံလိုက် ရရှိခြင်း။**

"မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပွဲ"သည်လည်း အလားတူ ထင်ရှားလှပါသည်။ ဗုဒ္ဓဘုရားလက်ထက်တော်က ကြီးကျယ်ထင်ရှားလှသည့် သင်္ကန်းရက်လုပ်လှူဒါန်းပွဲကြီးတစ်ခု ကျင်းပပုံကို ဥပရိပဏ္ဏာသပါဠိတော်၊ အဋ္ဌကထာ ဒက္ခိဏာဝိဘင်္ဂသုတ်တွင် တွေ့ရှိရပါသည်။ ဖွားဖက်တော် ကာဠုဒါယီအမတ်၏ ခြောက်ဆယ့်လေးပုဒ်သော ဂါထာတို့ဖြင့် လျှောက်ထားချက်အရ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးရှိရာ ကပိလဝတ်ရွှေနန်းသို့ ကြွမြန်းလာသော ဘုရားရှင်ကို မိထွေးတော်ဂေါတမီ ဖူးမြင်ရသောအခါ လွန်စွာဝမ်းမြောက်ပြီး ကိုယ်တိုင်သင်္ကန်း လုပ်၍ လှူဒါန်းခဲ့ပါသည်။ ထိုအစဉ်အလာကို ဗုဒ္ဓဘာသာဝင်များက ထိန်းသိမ်းကာ သင်္ကန်းအပ်နှင်းမှု၊ ချုပ်ဆိုးမှုအားလုံးကို ညတွင်းချင်းပြီးစေ၍ အရုဏ်မတက်မီ ကပ်လှူသောသင်္ကန်းကို မသိုးသင်္ကန်းဟု သတ်မှတ်ခေါ်ဆိုခဲ့ကြခြင်းဖြစ်ပါသည်။

"ကြာသင်္ကန်းကပ်လှူပွဲ"မှာ ပိတ်သားပေါ်တွင် ရွှေရောင်စက္ကူ ရွှေဝါရောင်ဖဲပွင့်ကြီးများကို ရေးထိုး၍လည်းကောင်း၊ ကော်ဖြင့်ကပ်၍ လည်းကောင်း ပြင်ဆင်ထားသည့်သင်္ကန်းကို ကြာသင်္ကန်းဟုခေါ်ပြီး ရှေးကဘုရားရှင်အား ကပ်လှူပြီး ယခုအခါ စေတီပုထိုးများ၊ ဗုဒ္ဓရုပ်ပွားတော်များတွင် ရစ်ပတ်ပူဇော်ခြင်းဖြစ်ပါသည်။

"တန်ဆောင်တိုင်မီးထွန်းပွဲတော်"မှာ ဗုဒ္ဓဘုရားရှင်လက်ထက်တော်တွင် မင်းအဇာတသတ်သည် အဖဖြစ်သူ ဗိမ္ဗိသာရကိုသတ်မိခဲ့ရာမှ အိပ်မပျော်သောရောဂါ စွဲကပ်ခဲ့ရာ ဆရာဇီဝက၏အကူအညီဖြင့် ဘုရားရှင်ထံ ချဉ်းကပ်လျှောက်ထားရန် စီစဉ်ခဲ့ပါသည်။ ထိုနေ့ရက်ကား တန်ဆောင်မုန်းလပြည့်နေ့ ညချမ်းချိန်ခါဖြစ်ပြီး ရာဇဂြိုဟ်မြို့အနီး ဆေးဆရာကြီးဇီဝက၏ သရက်တောဥယျာဉ်ကျောင်းတိုက်၌ သီတင်းသုံးနေသော ဘုရားရှင်ထံပါးသို့ အဇာတသတ်မင်း သွားရောက်ရာတွင် ဆရာဇီဝက၏ အစီအမံအရ ယောကျ်ားအသွင် ပြင်ဆင်လျက် သန်လျက်ကိုယ်စီလွယ်ကာ ပတ္တမြားကျောက်မျက်အရီးတပ်ထားသော လှံကိုယ်စီကိုင် မင်းမိန်းမငါးရာ၊ မင်းသမီးကချေသည်ပေါင်း တစ်သောင်း၊ ထိုမိန်းမများ၏ အစွန်အဖျားမှ အဝတ်အဆင်အမျိုးမျိုးဖြင့် မင်းအမတ်ပေါင်း ခြောက်သောင်း၊ ဝိဇ္ဇာမိုရ်လုလင်ပျိုများကဲ့သို့ ဝတ်ဆင်ထားသူမင်းသား ခြောက်သောင်း၊ ထိုမင်းသားတို့၏ အစွန်အဖျားမှ ပုဏ္ဏားတော်များတစ်သောင်း၊ ထိုနောက်မှ လေးတပ်၊ ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေလျင်တပ်များ တစ်ဆယ့်ရှစ်သင်းတို့ လိုက်ပါရာတွင် မီးရှူးတိုင် ရာပေါင်း ထောင်ပေါင်းများစွာဖြင့် သွားရောက်ကြသည်တွင် တန်ဆောင်တိုင်မီးထွန်းပွဲ ကျင်းပသကဲ့သို့ဖြစ်ရာမှ "တန်ဆောင်တိုင် မီးထွန်းပွဲတော်"များ စတင်ခဲ့သည်ဟု ဆိုပါသည်။

"ရှင်မာလဲပွဲ"ကို တန်ဆောင်မုန်းလပြည့်နေ့တွင် ကျင်းပရခြင်းမှာ အရိမေတ္တေယျမြတ်စွာဘုရား အလောင်းတော်နတ်သားက သီဟိုဠ်ကျွန်းသားဖြစ်သူ ရှင်မာလဲမထေရ်အား တန်ဆောင်မုန်းလပြည့်နေ့တိုင်း ဝေဿန္တရာဇာတ်တော်ကို လူအပေါင်းတို့အား ဟောကြားပေးရန် တောင်းပန်လျှောက်ထားသဖြင့် ဂါထာတစ်ထောင်ဖြင့် တန်ဆာဆင်အပ်သော ဝေဿန္တရာဇာတ်တော်ကိုဟောကြားသည့် အထိမ်းအမှတ်ဖြစ်ပါသည်။ ထိုနေ့တွင် ဝေဿန္တရာဇာတ်တော်ကို ဟောပြောကြားနာခြင်း၊ လှော်ကားပုံတော်ပြု၍ သစ်သီးတစ်ထောင်၊ ဆီမီးတစ်ထောင် စသည် တင်လှူပူဇော်ခြင်းတို့ကို ဗုဒ္ဓဘာသာဝင်များ ပြုလုပ်ကြပါသည်။

ဗုဒ္ဓဘာသာဝင်များအနေဖြင့် တန်ဆောင်မုန်းလပြည့်နေ့ကို ဘာသာသာသနာနှင့်ပတ်သက်၍ အဓိကသတ်မှတ်ထားသည့်အမည်မှာ "သာမညဖလ အခါတော်နေ့"ဖြစ်ပါသည်။ ဗုဒ္ဓဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ဖခင်ဗိမ္ဗိသာရမင်းကြီးကို သတ်ခဲ့မိကာ အိမ်မပျော်သော ညများစွာ ဒုက္ခကြုံခဲ့ရသည့် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်အဇာတသတ်သည် ဆေးဆရာကြီးဇီဝကကိုချဉ်းကပ်၍ ဘုရားရှင်ထံတော်ပါးသို့ တန်ဆောင်မုန်းလပြည့်နေ့တွင် ရောက်ရှိကာ ဘုရားရှင်အား အောက်ပါအတိုင်း လျှောက်ထားမေးမြန်းတော်မူခဲ့ပါသည်-

"မြတ်စွာဘုရား၊ ဤလောက၌ အသက်မွေးဝမ်းကျောင်းအတတ်အမျိုးမျိုးကို တတ်ကြသောသူတို့သည် ယခုဘဝမှာပင် ကိုယ်တိုင်သိမြင်သည့် ရဟန်းအဖြစ် အကျိုးပြုခြင်းငှာ တတ်နိုင်ပါမည်လား"။

မြတ်စွာဘုရားရှင်က အမေးပြဿနာကို ဖြေကြားသည့်အနေဖြင့် အဇာတသတ်မင်းအား သာမညဖလ(ရဟန်းပြုခြင်းအကျိုး)ကို အောက်ပါအချက်များဖြင့် ဟောကြားခဲ့ပါသည်-

(၁) ကျွန်ယောကျ်ားရဟန်းပြုသဖြင့် မင်း၏အပူဇော်ခံရသည့် ဥပမာ၊

(၂) မင်း၏အခွန်ထမ်းလယ်သမား ရဟန်းပြုသဖြင့် မင်း၏ အပူဇော်ခံရသော ဥပမာ၊

(၃) မြတ်စွာဘုရား၏ တရားတော်ကို နာကြားရသဖြင့် ဇာတ်နိမ့်သူ၊ ဇာတ်မြင့်သူ တစ်ဦးဦးသည် သဒ္ဓါတရားဖြစ်ရှိကာ သာသနာ့ဝန်ထမ်း ရဟန်းပြု၍ စူဠသီလ၊ မဇ္ဈိမသီလ၊ မဟာသီလတို့ ဖြည့်ကျင့်လျက် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထစျာန်တို့ကို ရခြင်း၊

(၄) ထိုမှတစ်ဆင့် တက်ကာ ဝိပဿနာဉာဏ်မှသည် အာသဝက္ခယမည်သော အရဟတ္တမဂ်ဉာဏ်တိုင်အောင် အဆင့်ဆင့် သာလွန်မြင့်မြတ်သော ဝိဇ္ဇာရှစ်ပါး တရားထူးရကာ ရဟန်းပြုရခြင်း၏ မျက်မှောက်ဘဝအကျိုးရပုံ။

ထိုသို့ ဘုရားရှင်၏ **"သာမညဖလ၊သုတ္တန်ဒေသနာတော်"**ကို ကြားနာအပြီးတွင် ဘုရင်အဇာတသတ်သည် ဘုရား၊ တရား၊ သံဃာတို့ကို ကိုးကွယ်ဆည်းကပ်သူအဖြစ်လည်းကောင်း၊ အသက်ထက်ဆုံး သရဏဂုံတည်သူ ဥပါသကာအဖြစ်လည်းကောင်း ဘုရားရှင်ထံသို့ သူ၏ကိုယ်ကို အပ်နှံကာ "အကျွန်ုပ်သည် မိုက်မဲတွေဝေ မလိမ္မာသည့်အလျောက် တရားစောင့်သော၊ တရားသဖြင့် မင်းပြုတော်မူသော ခမည်းတော်မင်းကြီးကို သတ်မိခဲ့ပါပြီ၊ မြတ်စွာဘုရားသည် ကျွန်ုပ်၏အပြစ်ကို နောင်အခါ စောင့်စည်းဖို့ရန် အပြစ်အနေအားဖြင့် သည်းခံတော်မူပါဘုရား"ဟု လျှောက်ထားပါသည်။ ဘုရားရှင်က "မင်းကြီး အကြင်သူသည် အပြစ်ကိုရှုမြင်၍ အကြောင်းအားလျော်စွာ ကုစား၏။ နောင်အခါ စောင့်စည်း၏။ ဤကုစားခြင်း၊ စောင့်စည်းခြင်းသည် ငါဘုရား၏ အဆုံးအမသာသနာ၌ ကြီးပွားခြင်းပေတည်း"ဟု သည်းခံစကားမိန့်ကြားတော်မူခဲ့သည်။ ထို့ပြင် အဇာတသတ်မင်းပြန်သွား၍ မကြာမီမှာပင် မြတ်စွာဘုရားက ရဟန်းတို့အား "ဤမင်းသည် သူ၏ခမည်းတော်ကို မသတ်မိခဲ့ပါမူ ဤနေရာတွင်ပင် သောတာပတ္တိမဂ်ဉာဏ်ပေါ်နိုင်သည်"ဟု မိန့်တော်မူခဲ့ပါသည်။

အဇာတသတ်မင်းသည် မပြစ်မှားထိုက်သော ပုဂ္ဂိုလ်တစ်ပါးဖြစ်သည့် မိမိ၏ မွေးသဖခင်ကျေးဇူးရှင်ကို ကာယကံမြောက်ကျူးလွန်သည့် အပြစ်ကြောင့် ပြင်းထန်သောဝေဒနာ စွဲကပ်ခံစားခဲ့ရသည်။ ဘုရားရှင်၏ "သာမညဖလသုတ္တန်"ကို နာယူရသည့်အကျိုးကြောင့် မဂ်ဖိုလ်ရခြင်းမှလွဲရသည့်တိုင် ဝေဒနာခံစားရမှုများ အေးငြိမ်းကာ ဘုရားရှင်၏သာသနာတော်ကို ကြည်ညိုသူဖြစ်လာခြင်း၊ မဟာအဝီစိငရဲသို့ မကျရောက်တော့ဘဲ လောဘကုမ္ဘိငရဲလောက်သာ ကျရောက်ပြီး နောင်သောအခါ "ဝိဇိတာဝီ"အမည်ဖြင့် ပစ္စေကဗုဒ္ဓါဖြစ်ပြီး နိဗ္ဗာန်မျက်မှောက်ပြုရခြင်း အကျိုးထူးကို ခံစားခဲ့ရပါသည်။ ဗုဒ္ဓဘုရားရှင်သည် တန်ဆောင်မုန်းလပြည့်နေ့ ညအခါတွင် အဇာတသတ်မင်းအား "သာမညဖလသုတ္တန်"ကို ဟောကြားတော်မူခြင်းကို အကြောင်းပြုပြီး တန်ဆောင်မုန်းလပြည့်နေ့အား "သာမညဖလအခါတော်နေ့"ဟု သတ်မှတ်ခေါ်ဆိုခဲ့ကြပါသည်။

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့အနေဖြင့် ထူးမြတ်လှသည့် တန်ဆောင်မုန်းလပြည့်အခါသမယတွင် ဆေးပင်အပေါင်းကိုစောင့်ရှောက်သည့် နတ်အပေါင်းတို့ မဲဇလီပင်စောင့်နတ်ထံသို့ လာရောက်စုဝေးခြင်းကြောင့် မဲဇလီရွက်၊ မဲဇလီဖူးတို့တွင် ဆနဝုတိ၊ ကိုးဆယ့်ခြောက်ဖြာရောဂါ ပျောက်ကင်းစေသော စွမ်းပကားများသက်ရောက်ကာ ဆေးပေါင်းခသည့် ဟင်းလျာဖြစ်သော "မဲဇလီဖူးသုပ်"ကို စားသုံးရင်း ဘုရားရှင်ဟောကြားတော်မူသော "သာမညဖလသုတ္တန်" ဒေသနာတော်လာ တရားတော်များကို ရွတ်ဖတ်ပူဇော် သင်ကြားနာယူကာ မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရားများကို ဆည်းပူးနိုင်ကြပါစေကြောင်း ကောင်းမြတ်သောစေတနာဖြင့် ဆုတောင်းမေတ္တာ ပို့သအပ်ပါသတည်း။ ။

သာမညဖလအခါတော်နေ့

○ **တန်ဆောင်မုန်းလပြည့်**
မေ့မရနိုင်ည၊ လှပရှုဖွယ်
မွေ့လျော်ဖွယ်ပင်၊ ကြည်လင်မငြီး
ဆီးနှင်းမြူတိမ်၊ သူရိန်မီးခိုး
ညစ်မျိုးငါးဝ၊ ကင်းစင်ပချိန်
ဗုဒ္ဓထံတော်၊ ဖူးမြော်ဝင်ရာ
အဇာတသတ်၊ ပရိသတ်များလျှိုင်
မီးရှူးတိုင်များ၊ ကိုင်မြှောက်ကိုယ်စီ
ဦးတည်မြတ်ဘုရား၊ သားအဇာတသတ်
အဖသတ်အား၊ ကျူးပြစ်မှားသမျှ
ကုစားပေးတော်မူပါရန်. . .။

○ **ပါပမိတ္တ၊ ဒေဝဒတ်ကြောင့်**
မိုက်ဇာတ်ကိုခင်း၊ မင်းအဇာတသတ်
အဖသတ်ပြီး၊ ကံကြီးထိုက်ကာ
ညတာရှည်လျက်၊ မျက်လုံးတို့မှာ
လုံ့ချက်ရာထောင်၊ ထိုးဆွယောင်အလား
ဝေဒနာများကပ်၊ ကုစားမတတ်နိုင်
ရင်ဆိုင်လန့်ထိတ်၊ စားအိပ်မပျော်
ညှိုးရော်ပင်ပန်း၊ ကိုယ်စိတ်နွမ်းကာ
မချမ်းသာရ၊ ဆိုးဒုက္ခအား
ပါပမိတ္တ မကယ်နိုင်. . .။

○ **ကလျာဏမိတ္တ၊ ဇီဝက၏**
ဇိနမြတ်ဘုန်း၊ သီတင်းသုံးရာ
ဥယျာဉ်သာမော၊ သရက်တောရှိ
ကျောင်းဝိဟာတွင်း၊ ရှင်မင်းဗုဒ္ဓ
ဖူးမြော်ရလျှင်၊ ဘုရင်အဇာတသတ်
စိတ်ဓာတ်ကြည်နူး၊ တရားထူးနာရ
သာမညဖလ၊ ဓမ္မရသာ
သိခွင့်သာခဲ့၊ ကလျာဏမိတ္တ
ဇီဝက၏ ဒိဋ္ဌဓမ္မ
မြတ်လှကျေးဇူးဂုဏ်ရည်တည်း. . .။ ။

ဦးအောင်မွန်(မဟာဝိဇ္ဇာ)

အထက(၂) စစ်ကိုင်း အာစရိယပူဇော်ပွဲ ကျင်းပမည်

စစ်ကိုင်း နိုဝင်ဘာ ၂၀

စစ်ကိုင်းမြို့ အထက(၂)တွင် တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားယူခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက (၁၇) ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၇ ရက် (စနေနေ့) နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီထိ အထက(၂) ကျောင်းဝင်းအတွင်းရှိ မြမဥ္ဇူခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် ဒေါက်တာဦးကျော်လှ (ဥက္ကဋ္ဌ၊ မြစ်ငယ်) ဖုန်း-၀၉-၂၀၁၈၈၆၁၊ ဦးစိန်ရ (ဒုတိယဥက္ကဋ္ဌ-၁၊ စစ်ကိုင်း) ဖုန်း-၀၇၂-၂၁၂၂၈၊ ဒေါ်အမာညို(ဒုတိယဥက္ကဋ္ဌ-၂၊ မန္တလေး) ဖုန်း-၀၉-၂၀၀၅၇၄၊ ဒေါ်သန်းသန်းမြင့် (အတုလဝတီ ဘဏ္ဍာရေးမှူး၊ စစ်ကိုင်း) ဖုန်း-၀၇၂-၂၁၄၃၂၊ ဦးအုန်းမြင့် ကုဋ္ဌေမြိုင်စတိုး (တွဲဖက်အတွင်းရေးမှူး၊ စစ်ကိုင်း) ဖုန်း-၀၇၂-၂၁၀၀၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မြောက်ပိုင်း ကြို့ကုန်း(၄)လမ်းနေ ကွယ်လွန် သူများဖြစ်ကြသော အဘိုး ဦးကျော်ငြိမ်း၊ အဘွား ဒေါ်အေးနှင့် ဦးလေး ဦးဖေတင့်၊ အဒေါ် ဒေါ်ခင်ညွန့်၊ ဒေါ်ခင်ဌေးတို့အား ရည်စူး၍ ဒေါ်ကြည်ကြည်အေးနှင့် မြေးများက ထာဝရဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်၊ အဆောက်အအုံပဒေသာပင်၊ ရေလှောင်ကန်သစ်ကြီးတို့အတွက် ငွေကျပ် ၁၅ သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆက်လက်ကျင်းပ ကျောက်မျက်အတွဲပေါင်း ၃၁ တွဲ ရောင်းချရ

နေပြည်တော် နိုဝင်ဘာ ၂၀

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များက ကျောက်စိမ်းအတွဲနှင့် ကျောက်မျက်အတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် အပြိုင်အဆိုင် ဝယ်ယူကြသည်။

မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းနှင့် ပြည်တွင်းကျောက်မျက်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေက ကျောက်မျက်ရောင်းချပွဲတွင် ကျောက်မျက်အတွဲ အများဆုံး ဝယ်ယူသူဆုရရှိသော ပတ္တမြားနဂါး ကျောက်မျက်ကုမ္ပဏီမှ ဦးခင်ဇော်အား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်သည်။

၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေ ကျောက်မျက်ရောင်းချပွဲတွင် ကျောက်မျက်အတွဲ အများဆုံး ဝယ်ယူသူဆုရရှိသော ပတ္တမြားနဂါး ကျောက်မျက်ကုမ္ပဏီမှ ဦးခင်ဇော်အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ထို့အတူ ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များသည် တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြပြီး အဆိုပြုလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြရာ ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ပြပွဲဗဟိုကော်မတီဝင်များက လိုက်လံကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ဖွင့်ဖောက်စစ်ဆေး

ညနေပိုင်းတွင် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များ၏ တင်ဒါပုံးအတွင်း ထည့်သွင်းထားသော ကျောက်စိမ်းအတွဲ အဆိုပြုလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကြသည်။

၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပနေသည့် ကာလအတွင်း မြန်မာ့ကျောက်မျက်ရတနာပြတိုက် ဒုတိယထပ်တွင် တည်းခိုနေထိုင်ရေးဆပ်ကော်မတီ၊ ကျွေးမွေးဧည့်ခံရေးဆပ်ကော်မတီ၊ ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီနှင့် ဆက်သွယ်ရေးဆပ်ကော်မတီတို့၏ ယာယီရုံးခန်းများ ဖွင့်လှစ်၍ ရတနာပြပွဲနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

နေပြည်တော်၌ ပထမဆုံးအကြိမ် ကျင်းပသည့် ၂၀၁၀ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ နိုဝင်ဘာ ၂၉ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုဝင်ဘာ ၂၀ ရက်က ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပသည့် (၂၃၅)ကြိမ်မြောက် အမေရိကန် Marine တပ်ဖွဲ့နေ့အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းနှင့် ဇနီးတို့ တက်ရောက်စဉ်။ (သတင်းစဉ်)

ကုမ္ပဏီများ၏ ကျောက်မျက်အတွဲများကို နံနက် ၉ နာရီမှ စတင်၍ ရောင်းချရာ တင်ဒါစနစ်ဖြင့် ကျောက်မျက်အတွဲ ခုနစ်တွဲ၊ ဈေးပြိုင်စနစ်ဖြင့် ကျောက်မျက်အတွဲ ၂၄တွဲ စုစုပေါင်း ကျောက်မျက်အတွဲ ၃၁ တွဲ ရောင်းချရသည်။

ယင်းနောက် ၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး

ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များ ကျောက်စိမ်းအတွဲနှင့် ကျောက်မျက်အတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် အပြိုင်အဆိုင် ဝယ်ယူကြစဉ်။ (သတင်းစဉ်)

GALLANT Training Centre က အင်ဂျင်နီယာဒီပလိုမာဘာသာရပ်သင်တန်းများ ဖွင့်လှစ်လျက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၀

GALLANT Training Centre မှ အင်ဂျင်နီယာအခြေခံနှင့် အဆင့်မြင့် ဒီပလိုမာဘာသာရပ်ပေါင်း ၁၅ မျိုးကို ပြည်တွင်း၌ အချိန် တစ်နှစ်အတွင်း ကုန်ကျစရိတ် အထူးသက်သာစွာဖြင့် နိုင်ငံတကာအသိအမှတ်ပြု အင်ဂျင်နီယာဒီပလိုမာလက်မှတ် ရယူနိုင်သည်။

City & Guilds အင်ဂျင်နီယာဘာသာရပ်များကို ဆယ်တန်းအောင်မြင်ထားသူများ တက်ရောက်နိုင်ပြီး ညနေပိုင်းတန်းခွဲများ စီစဉ်ထားရှိသည်။ အင်္ဂလန်နိုင်ငံ၏ သင်ရိုးညွှန်းတမ်းများအတိုင်း မေဂျာဘာသာရပ်များကို သင်ကြားပေးပြီး ပြည်တွင်း၌ပင် အင်ဂျင်နီယာဒီပလိုမာရရှိနိုင်မည်ဖြစ်သည်။ မေဂျာဘာသာရပ်များမှာ Mechanical & Electrical (M&E), Mechanical Power, Electrical Power, Electronic နှင့် Civil (Construction) တို့ကို မိမိဝါသနာပါရာရွေးချယ်တက်ရောက်နိုင်သည်။ နှစ်စဉ်ဇွန်လနှင့် ဒီဇင်ဘာလများတွင် အရည်အချင်းစစ်စာမေးပွဲများကို နှစ်စဉ်ကျင်းပပေးပြီး မိမိဖြေဆိုနိုင်သည့် ဘာသာရပ်များကို ခွဲ၍ဖြေဆိုနိုင်သည်။

စာမေးပွဲဖြေဆိုအောင်မြင်ပြီးသူတိုင်းကို City & Guilds အင်္ဂလန်နိုင်ငံ အသိအမှတ်ပြု အင်ဂျင်နီယာဒီပလိုမာလက်မှတ်အပြင် GALLANT သင်တန်းကျောင်း၏ လက်တွေ့လုပ်ငန်းခွင် အသုံးချကျွမ်းကျင်လက်မှတ် နှစ်ခုကိုပါ ထည့်သွင်းသင်ကြားပေးခြင်းဖြင့် အင်ဂျင်နီယာပညာရပ်များကို စာတွေ့လက်တွေ့သင်ကြားပေးလျက်ရှိသည်။

City & Guilds Diploma ရရှိပြီးသူများ၊ နည်းပညာဒီပလိုမာရရှိထားသော AGTI Diploma နှင့် BE အဆင့်ရှိပြီးသူများမှာလည်း Advanced Diploma ကို တိုက်ရိုက်တက်ရောက်နိုင်သဖြင့် အချိန် တစ်နှစ်အတွင်း၌ နိုင်ငံတကာအသိအမှတ်ပြု အဆင့်မြင့်ဒီပလိုမာတစ်ခုရရှိမည်ဖြစ်သည်။

City & Guilds အင်ဂျင်နီယာလက်မှတ်ဖြင့် ပြည်တွင်းစက်ရုံ၊ ဆောက်လုပ်ရေး၊ ကားထုတ်လုပ်ရေး၊ ဟိုတယ်များ၊ ရေနံတူးဖော်ရေးနှင့် သင်္ဘောလိုင်းများတွင် အလုပ်ဝင်ရောက်လိုသူများ တက်ရောက်ထားသင့်သည့်သင်တန်း ဖြစ်သည်။

GALLANT သင်တန်းကျောင်းမှ အင်ဂျင်နီယာဘာသာရပ်များသင်ကြားပေးခြင်းအပြင် ပြည်တွင်းရှိ အင်ဂျင်နီယာစက်ရုံ၊ အလုပ်ရုံများသို့ တိုက်ရိုက်ချိတ်ဆက်အလုပ်ရှာပေးခြင်းနှင့် ပြည်ပတွင် အလုပ်လျှောက်ထားမည့်သူများအတွက် အလုပ်အကိုင်ရရှိရန် ဘာသာရပ်ရွေးချယ်မှု၊ ခေါ်ယူသော ရာထူး၊ ရရှိနိုင်သည့် လစာများနှင့် ပြင်ဆင်ထားရမည့် လုပ်ငန်းအတွေ့အကြုံတို့ကို တိုင်ပင်ဆွေးနွေးဆောင်ရွက်ပေးသည်။

GALLANT သင်တန်းကျောင်းမှ အင်ဂျင်နီယာဘာသာရပ်များ၏ တန်းခွဲသစ်များကို ဒီဇင်ဘာ ၁၇ ရက်တွင် မေဂျာဘာသာရပ်ပေါင်းစုံ စတင်ဖွင့်လှစ်မည်ဖြစ်ပြီး စိတ်ပါဝင်စားပါက အမှတ် (၅) ဘီ (၅) လေးလွှာ ဦးထွန်းလင်းခြံလမ်း လှည်းတန်း ကမာရွတ်မြို့နယ် ဖုန်း- ၇၃၀၃၂၆၇၀၊ ၅၃၉၄၀၃၊ ၅၁၃၈၀၄နှင့် ၀၉-၅၁၂၈၀၂၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၁-၁၁-၂၀၁၀ (တနင်္ဂနွေနေ့)

[၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်(ဥပုသ်နေ့)]

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် - ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၃၀ ၂။ နံနက်ခင်းသတင်း
၇း၄၀ ၃။ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ ရွှေဘုံသာကျောင်း ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ ဝိဇ္ဇောဒယ ဟောကြားတော်မူအပ်သော "သာမညဖလသုတ္တန်" တရားတော်
၈း၁၅ ၄။ ဓမ္မပူဇာတေးအစီအစဉ်
၈း၄၀ ၅။ International News
၈း၄၅ ၆။ တန်ဆောင်တိုင်တေးများ
၉း၀၀ ၇။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ"(အပိုင်း-၆၂)**
၁၂း၃၀ ၅။ Golf Magazine(TV)
၁၂း၅၀ ၆။ **မြန်မာရုပ်ရှင် "လောကကြီးမှာ အင်အားအရှိဆုံးအရာ" (ရန်အောင်၊ မို့မို့မြင့်အောင်၊ ခင်စိုးပိုင်)(ဒါရိုက်တာ-ကြီးမြင့်)**
၂း၃၀ ၇။ တန်ဆောင်တိုင်တေးများ
၂း၅၀ ၈။ International News
၃း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စုတိုင်ရင်းသား ရိုးရာတေးသံသာ
၄း၂၀ ၃။ အတီးပြိုင်ပွဲ
၄း၃၀ ၄။ တေးဂီတအစီအစဉ်
၄း၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (သမိုင်းအထူးပြု) (သမိုင်း)
၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၀၅ ၇။ တန်ဆောင်တိုင်တေးများ
၅း၁၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၁။ ကာတွန်းအစီအစဉ် " BUGS' ADVENTURES " (အပိုင်း-၃၇)
၆း၃၅ ၁၂။ နွဲ့လိုက်စို့ တူပျော်ပျော် တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်
၆း၅၀ ၁၃။ တစ်မျက်နှာတစ်ကွက်စာ "ခက်တယ်" (ဆုပန်ထွာ၊ မိုးထက်ပိုင်၊ ဒေါ်ခင်ခင်ကြီး) [ဒါရိုက်တာ- မေတင်(MMG)]
၇း၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ "အတိတ်ရဲ့ပုံရိပ်" (အပိုင်း-၃၃)
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၇၆)**
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝမိုးတိမ်" (အပိုင်း-၁၂)**
၂၀။ သီတဂူဆရာတော်ကြီး၏ "သာမညဖလသုတ္တန်"တရားတော်
၂၁။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာ ဘာဝနာပွားများခြင်းတရားတော်
၂၂။ အစီအစဉ်ပြီး၏။

❐ ရှေ့ဖုံးမှ

(P.W.D)က ဆောင်ရွက်ခဲ့သော လမ်းဖြစ်ပြီး သုံးခွ-ရေကြည်အပိုင်းသည် အင်္ဂလိပ်တို့ အုပ်ချုပ်စဉ်ကာလအတွင်းက ဖောက်လုပ်ခဲ့သော လမ်းဖြစ်သည်။ ငါးသိုင်းချောင်း - ရေနံ့သာအပိုင်းမှာ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းက ၁၉၈၂-၁၉၈၃ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် စီမံကိန်းစတင်ကာ ၁၉၉၂ မှ ၁၉၉၄ ခုနှစ်အတွင်း မြေသားလမ်းနှင့် ချောင်းကျောက်အမာခံလမ်းအဆင့်ထိ ဆောင်ရွက်ခဲ့ပြီး ၁၉၉၅-၁၉၉၆ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ခဲ့သောလမ်းဖြစ်သည်။

ထို့အပြင် ရေနံ့သာမှ ဥသျှစ်ပင်အပိုင်းသည် ၁၉၇၀-၁၉၇၁ ခုနှစ်တွင် လမ်းအူကြောင်းရှာခြင်း၊ မြေတိုင်းပုံထုတ်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပြီး (ကိုလံဘိုစီမံကိန်းအရ) ဩစတြေးလျအစိုးရမှ လမ်းဖောက်လုပ်ရေးစက်ကြီးများ အကူအညီရရှိခဲ့သဖြင့် ၁၉၈၁ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်နေ့တွင် ဩစတြေးလျကျွမ်းကျင်ပညာရှင်များနှင့် မြန်မာပညာရှင်များ တွဲဖက်၍ ၇၂မိုင် ၂ ဖာလုံအထိ လမ်းအူကြောင်း ရှာဖွေခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ပုသိမ်-မုံရွာလမ်းဖောက်လုပ်ရေး၏ အပိုင်း(၁)စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာ၊ ဒုတိယအင်ဂျင်နီယာချုပ် ဦးဝင်းမောင်။

ပုသိမ်-မုံရွာလမ်းဖောက်လုပ်ရေးအပိုင်း(၁)တွင် မအူပင်ခရိုင်လုပ်ကွက်၌ အခြေခံကျောက်များ ခင်းနေကြစဉ်။



ပုသိမ်-မုံရွာလမ်းဖောက်လုပ်ရေးစီမံကိန်းအပိုင်း(၁)တွင် ပါဝင်ဆောင်ရွက်နေသော တောင်ငူခရိုင်၏ မိုင်တိုင်အမှတ် ၁၃၇မိုင် ၂ ဖာလုံအတွင်း ကျောက်အခြေခံလွှာများခင်းပြီးနေမှုကို ဤသို့တွေ့ခဲ့ရသည်။

ပုသိမ်-မုံရွာလမ်းဖောက်လုပ်ရေးစီမံကိန်းတွင် ပါဝင်ဆောင်ရွက်နေသော ပုသိမ်ခရိုင်ဆောက်လုပ်ရေးအဖွဲ့၏ လမ်းချဲ့လုပ်ငန်းခွင်ကို ဤသို့တွေ့ခဲ့ရသည်။

လမ်းဖောက်သည့်အခါ မြန်မာအင်ဂျင်နီယာများဖြင့် လမ်း(တောင်ပိုင်း) စီမံကိန်းကို စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ၁၉၈၅ ခုနှစ်တွင် မြေသားလမ်းနှင့် ချောင်းကျောက်အမာခံလမ်း အဆင့် ၆၆ မိုင် ၅ ဖာလုံနှင့် ကတ္တရာလမ်း ၁၇ မိုင် ဆောင်ရွက်နိုင်ခဲ့သည်ဟု သိရသည်။

ယခုအခါ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဒုတိယဝန်ကြီးဦးမြင့်သိန်းက ဦးဆောင်ကြီးကြပ်၍ စီမံကိန်းအင်ဂျင်နီယာအဖြစ် ဒုတိယအင်ဂျင်နီယာချုပ်ဦးဝင်းမောင်က ဆောင်ရွက်ပြီး အင်ဂျင်နီယာမှူး ဒေါ်မြမြဝင်းနှင့် ပုသိမ်ခရိုင်အဖွဲ့က ၅ မိုင် ၆ ဖာလုံ၊ အင်ဂျင်နီယာမှူး ဦးသန်းဌေးနှင့် မအူပင်ခရိုင်အဖွဲ့က ၄ မိုင်၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဦးဟန်နှင့်လမ်းအထူးအဖွဲ့(၄) က ၅ မိုင်၊ အင်ဂျင်နီယာမှူး ဦးကိုကိုအေးနှင့် ဟင်္သာတခရိုင်အဖွဲ့က ၅ မိုင် ၅ ဖာလုံ၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းထွန်းနှင့် လမ်းအထူးဖွဲ့(၂)က ၁၇ မိုင် ၄ ဖာလုံ၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းလွင်နှင့် လေယာဉ်ကွင်းအထူးအဖွဲ့(၃) က ၄ မိုင် ၅ ဖာလုံ၊ အင်ဂျင်နီယာမှူး ဦးတင်ရီနှင့် တောင်ငူခရိုင်အဖွဲ့က ၁၀ မိုင်၊ အင်ဂျင်နီယာမှူး ဒေါ်ခင်သန်းကြည်နှင့် ပြည်ခရိုင်အဖွဲ့က ၁၃ မိုင် ၁ ဖာလုံ၊ အင်ဂျင်နီယာမှူး ဦးခင်မောင်မောင်နှင့် ပဲခူးခရိုင်အဖွဲ့က ၇ မိုင်၊ အင်ဂျင်နီယာမှူး ဦးခင်မောင်သန်းနှင့် လမ်းအထူးအဖွဲ့ (၁၆)က ၆ မိုင်၊ အင်ဂျင်နီယာမှူး ဦးခင်မောင်နှင့် သာယာဝတီခရိုင်အဖွဲ့က ၇ မိုင် ၃ ဖာလုံ၊ စုစုပေါင်း လမ်းမိုင်အရှည် ၁၄၆ မိုင် ၄ ဖာလုံ ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်း အရှေ့အနောက်တောင်မြောက် ဒေသအားလုံးအား အလွယ်တကူ ဆက်သွယ်သွားလာနိုင်ရန် လမ်းပန်းဆက်သွယ်ရေးကို ဟန်ချက်ညီ တိုးတက်ကောင်းမွန်အောင် မော်တော်ကားလမ်းကွန်ရက်များ ဖောက်လုပ်လျက်ရှိသကဲ့သို့ တံတားကြီးငယ် အသွယ်သွယ်ကိုလည်း တည်ဆောက်ပေးလျက်ရှိသဖြင့် ယခုအခါ မြန်မာနိုင်ငံမြောက်ဖျားရှိ ပူတာအိုမှ တောင်ပိုင်းကော့သောင်းမြို့အထိ လည်းကောင်း၊ မြန်မာနိုင်ငံအရှေ့ဖျား မူဆယ်-လားရှိုး-ကျိုင်းတုံမြို့မှ အနောက်ဖျားစစ်တွေအထိ လည်းကောင်း စသည်ဖြင့် တစ်နိုင်ငံလုံးသို့ မော်တော်ကားများဖြင့် ရာသီမရွေးသွားလာနိုင်ကြပြီဖြစ်သည်။

လမ်းပိုင်းဆက်သွယ်ကောင်းမွန်မှုက ဒေသခံပြည်သူများအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့ကို အထောက်အကူပြုလျက်ရှိပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက်ပါ အထောက်အကူပေးလျက်ရှိပေသည်။

တစ်ချိန်က တော၊ တောင်၊ ပင်လယ်နှင့် မြစ်ချောင်းစသည့် အတားအဆီးများ ရှိနေသောကြောင့် အနေနီးသော်လည်း ခရီးဝေးခဲ့ရသည့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမအချင်းချင်း အလွယ်တကူ ကူးလူးဆက်နွှယ် ချစ်ကြိုးသွယ်နိုင်ကြပြီးဖြစ်သည့်အပြင် ဒေသထွက်ကုန်များ မြန်မာနိုင်ငံအတွင်း မိမိတို့နှစ်သက်ရာ မြို့ရွာများအရောက် တင်ပို့ရောင်းချနိုင်ပြီဖြစ်၍ တိုးတက်မြင့်မားသော လူမှုစီးပွားဘဝများကို ခံစားပိုင်ဆိုင်နေကြပြီ ဖြစ်ပေသည်။

ကျွန်တော်တို့ ကားကလေးသည် ပုသိမ်မှ ကံကြီးဒေါင့်-ဒါးက-ကံကလေး ကျေးရွာအထိ အေးရှားဝေါ(လ်) ကုမ္ပဏီက ဖောက်လုပ်ထားသော ကတ္တရာလမ်း ၃၂ မိုင် ၂ ဖာလုံကို ကျော်ဖြတ်ခဲ့ပြီး ကံကလေးကျေးရွာရှိ ပုသိမ်-မုံရွာလမ်းဖောက်လုပ်ရေးစခန်းသို့ ရောက်ရှိသွားရာ ပုသိမ်ခရိုင်အပိုင်းမှ လက်ထောက်အင်ဂျင်နီယာ ဦးမင်းလွင်ထွန်းက ၎င်းတို့အဖွဲ့ တာဝန်ယူရသည့် မိုင်တိုင်အမှတ် ၃၃/၂ မှ ၃၉ အထိ ၅ မိုင်နှင့် ၆ ဖာလုံအတွင်း လမ်းသားချဲ့ထွင် ဆောင်ရွက်မှုနှင့် အဆင့်မြင့်ကတ္တရာခင်းမည့်အစီအစဉ်များကို ရှင်းပြသည်။

ထို့နောက် ကျွန်တော်တို့အဖွဲ့သည် ကံကလေးမှ မအူပင်ခရိုင်လမ်းလုပ်ငန်း ဆောင်ရွက်နေသည့် မိုင်တိုင်အမှတ် ၃၉ မှ ၄၃၊ ထိုမှ လမ်းအထူးအဖွဲ့(၄)၏ လုပ်ငန်းခွင်ဖြစ်သော မိုင်တိုင်အမှတ် ၄၃ မှ ၄၈၊ ၎င်းနောက် ဟင်္သာတခရိုင်မှ ဆောင်ရွက်နေသည့် မိုင်တိုင်အမှတ် ၄၈ မှ ၅၃/၅ ဖာလုံတို့ကို ဝင်ရောက်လေ့လာပြီးနောက် ရေကြည်မြို့နယ်ရှိ ပုသိမ်-မုံရွာလမ်း အဆင့်မြင့်ကတ္တရာခင်းလုပ်ငန်းဆောင်ရွက်ရေးလမ်းအထူးအဖွဲ့(၂) ရုံးသို့ ရောက်ရှိရာ လမ်းအထူးအဖွဲ့(၂)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းထွန်းနှင့် စခန်းတာဝန်ခံ လက်ထောက်အင်ဂျင်နီယာ ဦးလှရွှေတို့က ၎င်းတို့ဆောင်ရွက်နေသည့် လမ်းသားချဲ့ခြင်း၊ အပေါ်လွှာကျောက်ခင်းခြင်း၊ လမ်းကြိတ်စက်ကြီးများဖြင့် ကြိတ်ခြင်းလုပ်ငန်းတို့ကို လိုက်လံပြသပြီး ကတ္တရာလောင်းမည့်အစီအစဉ်ကိုရှင်းပြကြသည်။

သည်လိုနှင့် ကျွန်တော်တို့အဖွဲ့သည် မြန်မာအီဝါတနီ၊ ရွှေသံလွင်ကုမ္ပဏီ၊ အေးရှားဝေါ(လ်) ကုမ္ပဏီ၊ ပက်ကရင့်၊ ရန်ကုန်ကရောင်း၊ ရွှေတောင်ကုမ္ပဏီ၊ လေယာဉ်ကွင်းအထူး(၃) တောင်ငူခရိုင်အဖွဲ့၊ ပြည်ခရိုင်အဖွဲ့၊ သာယာဝတီခရိုင်အဖွဲ့နှင့် လမ်းအထူးအဖွဲ့(၁၆) တို့ဆောင်ရွက်နေသည့် လုပ်ငန်းခွင်များသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်မှုအဖုံဖုံကို မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးကြပြီး ပုသိမ်-မုံရွာလမ်း အပိုင်း(၁)၏ စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာ၊ ဒုတိယအင်ဂျင်နီယာချုပ် ဦးဝင်းမောင်အား တွေ့ဆုံမေးမြန်းခဲ့ရာ ဦးဝင်းမောင်က မိမိသည် ပုသိမ်-မုံရွာလမ်းမကြီး ဖောက်လုပ်ရာတွင် အပိုင်း(၁)ဖြစ်သည့် ပုသိမ်မှ ဥသျှစ်ပင်အထိ လမ်းမိုင်အရှည် ၁၄၆ မိုင် ၄ ဖာလုံကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၏ ကြီးကြပ်လမ်းညွှန်မှုအောက်တွင် စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာအဖြစ် တာဝန်ယူဆောင်ရွက်နေကြောင်း။

မိမိတို့တာဝန်ယူရသည့် အပိုင်း(၁) ၁၄၆ မိုင် ၄ ဖာလုံသည် မူလကရှိပြီး မြေသားလမ်း၊ ချောင်းကျောက်အမာခံလမ်းနှင့် ကတ္တရာလမ်းများဖြစ်၍ ကတ္တရာလမ်းအား ၁၈ ပေ အထိ ချဲ့ခြင်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ကတ္တရာလမ်းအသစ် ခင်းခြင်းနှင့် လမ်းအနိမ့်အမြင့်ညှိခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်ရကြောင်း၊ မကြာခင်အချိန်တွင်းမှာ ကတ္တရာခင်းခြင်းလုပ်ငန်းကို တစ်ပြိုင်တည်း ဆောင်ရွက်ကြတော့မည်ဖြစ်ကြောင်း။

လမ်းမိုင် ၁၄၆ မိုင် ၄ ဖာလုံတွင် ပေ ၁၈၀ အထက် တံတားကြီး ၁၀ စင်း၊ ပေ ၁၀၀ မှ ပေ ၁၈၀ အထိ ရှိသည့် တံတား ၁၄ စင်း၊ ပေ ၁၀၀ အောက်တံတား အစင်း ၄၀ တို့မှာ သံကူကွန်ကရစ်ဖြင့် အခိုင်အမာ တည်ဆောက်ထားပြီးဖြစ်၍ ရေပြွန်တံတားငယ် ၂၀၅ စင်း အနက်မှ အများစုမှာလည်း တည်ဆောက်ပြီး ဖြစ်ကြောင်း၊ ပုသိမ်-မုံရွာလမ်းအပိုင်း(၁)ကို လမ်းအထူးအဖွဲ့များ၊ ခရိုင်အဖွဲ့များနှင့် ကုမ္ပဏီများ ပါဝင်ပြီး ၁၇ ဖွဲ့ဖြင့် နေ့ရောညပါ ဆောင်ရွက်နေကြပါကြောင်း တို့ကို ရှင်းလင်းပြောကြားသည်။

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် နိုင်ငံတော်အတွင်း ၂၀၁၀ ဩဂုတ်လအထိ လမ်းမိုင်ပေါင်း ၂၁၅၅၈ မိုင် ၁ ဖာလုံ ဖောက်လုပ်ပေးထားပြီး လမ်းပေါင်း ၁၅ လမ်းမှ မိုင်ပေါင်း ၁၈၁၅ မိုင်ကိုလည်း ဖောက်လုပ်နေဆဲဖြစ်သည်။ ထိုဖောက်လုပ်နေဆဲလမ်းများထဲမှ အရှည်ဆုံး အဝေးပြေးလမ်းမကြီးအဖြစ် သမိုင်းမှတ်တမ်းတင်ရမည့် ပုသိမ်-မုံရွာလမ်းမကြီး၏ အပိုင်း(၁) ဖြစ်သော ပုသိမ်-ဥသျှစ်ပင် အပိုင်းအား ကွင်းဆင်းသွားရောက်လေ့လာပြီး ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါသည်။ ။

❂ ကျောဖုံးမှ

တောင်ကြီးမြို့သည် ရှမ်းပြည်နယ်(တောင်ပိုင်း)၏ မြို့တော်ဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် ၄၇၁၂ ပေရှိသော တောင်ပေါ်မြို့လည်း ဖြစ်သည်။ ထူးခြားသော ဂုဏ်ဒြပ်များ၊ အလှအပတရားများဖြင့် ပြည့်နှက်နေသော မြို့ဖြစ်သော်လည်း တန်ဆောင်တိုင် မီးပုံးပျံပွဲတော်ကြောင့် လူပိုသိလှသည်။ တောင်ကြီးမြို့ဆိုသည်နှင့် ထင်ရှားသော တန်ဆောင်တိုင်မီးပုံးပျံပွဲတော်နှင့် တွဲ၍ သိကြသည်။ ယခုပွဲတော်ကာလတွင်လည်း တောင်ကြီးမြို့၏ ကောင်းကင်ယံ တစ်ခွင်တွင် မီးရောင်စုံတို့ဖြင့် လှပလျက်ရှိပါကြောင်း။ ။

သတင်းနှင့် ဓာတ်ပုံ ရှိုင်းထက်ဇော်

ဖလားဝါးနယူးစ်ဂျာနယ် ထွက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၀

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆) အမှတ်(၄၅)၌ ကိုရီးယားတွင် အလုပ်ရမည်ဆိုတိုင်း မယုံလေနှင့်၊ အာရှအကြီးဆုံးရေနံကုမ္ပဏီ မြန်မာနိုင်ငံတွင် သဘာဝဓာတ်ငွေ့ရှာဖွေတွေ့ရှိ၊ ရန်ကုန် City Star ဟိုတယ် အောက်ထပ်ရှိ အင်တာနက်ဆိုင်တွင် ချိန်ကိုက်မိုင်းလေးလုံးတွေ့၊ မြန်မာ-ဗီယက်နမ်-ကိုရီးယား-ဂျပန် ဗီယက်နမ်လေကြောင်းက ပျံမည်၊ ဆီစားနှုန်းသက်သာသည့် ရေဓာတ်ငွေ့ထုတ်စက်လာပြီ၊ ငမိုးရိပ်မိကျောင်းသင်္ချိုင်းကျွန်းတွင် ဖမ်းမိ၊ ဆက်သွယ်ရေးတာဝါတိုင်များတွင် ဆိုလာများတပ်ဆင်မည်၊ ငါးသိန်းတန်ဖုန်းနှစ်သောင်းကျော် ထပ်ချပေးမည်၊ ဂီရိကြောင့် ဆောင်းခိုငှက်များ နေထိုင်ကျက်စားမှု ပြောင်းလာနိုင်၊ ကားဈေးအရှုံးပြနေပြီ လား၊လျှော့ဈေး. . . . လျှော့ ဈေး. . . အထူးလျှော့ဈေး စသည့်ပြည်တွင်းရေးရာသတင်းများနှင့် အတူ ဆရာချစ်စံဝင်း၏ “ရွှေတိဂုံစေတီတော် သမိုင်းချုပ်လာ ဓမ္မစေတီမင်းနှင့် ဓမ္မစေတီခေါင်းလောင်း”၊ အရိပ်ပမာ မခွဲမခွာ လိုက်ပါသော အရာ၊ သတိပြုဖွယ်ရာ လျှပ်စစ်လုပ်ငန်းများ၊ စာရိတ္တမဏ္ဍိုင် Political Talk ကဲ့သို့သော ဖတ်စရာမှတ်စရာ ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

နိုင်ငံတကာ အင်တာဗျူး ဆောင်းပါးနှင့်အတူ အယ်လ်ခိုင်ဒါတို့၏ ဒုတိယရှေ့တန်းစစ်မျက်နှာ၊ မီးတောင်တစ်တောင်ရဲ့ဒေါသ၊ လေးနှစ်သမီးလေး မတန်တဆ ဗိုက်ဖောင်းလာ၊ အာရှဒေသတွင် ပေါ်ပေါက်လာသော လက်နက် ပြိုင်ဆိုင်မှု၊ နယူးဒေလီရှိ ငါးထပ်အဆောက်အအုံပြိုကျမှုကြောင့် လူပေါင်း ၆၄ ဦးသေဆုံး၊ ဂွါတာနာမိုအကျဉ်းသား ညှဉ်းပန်းနှိပ်စက်မှု ဗြိတိသျှလုံခြုံရေးဌာန ပါဝင်ပတ်သက်၊ တောင်အာဖရိကမှ အသစ်စက်စက်ဇနီးမောင်နှံ၏ ကြေကွဲဖွယ်လူသတ်မှုဖြစ်ရပ်၊ ဆေးလိပ်သောက်သည့် ကိုယ်ဝန်ဆောင်မိခင်တို့မှ မွေးဖွားလာသော ရင်သွေးများမှာ ပြစ်မှုကျူးလွန်သူများ ဖြစ်လာဖွယ်ရှိ၊ စင်ကာပူကျောင်းများက နိုင်ငံခြားကျောင်းကို ဆွဲဆောင်မှုလျော့နည်းလာ၊ အာဖဂန်နစ္စတန်တွင် ကြေးနီသတ္တုတွင်း တူးဖော်ရာမှ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတွေ့ရှိစသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

အောက်တိုဘာလအတွင်း မူးယစ်ဆေးဝါးအမှု(၁၆၇)မှု တရားခံ(၂၉၃)ဦး ဖမ်းဆီးအရေးယူခဲ့

နေပြည်တော် နိုဝင်ဘာ ၂၀

အောက်တိုဘာလအတွင်း တာဝန်ရှိသူများက မူးယစ်ဆေးဝါးအမှု ၁၆၇မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း၂၆မှု (အလေးချိန် ၂၄ ဒသမ ၉၉၅၇ ကီလို)၊ ဘိန်းဖြူ ၃၈ မှု (အလေးချိန် ၆၈ ဒသမ ၅၃၇၃ ကီလို)၊ ဘိန်းဆီ လေးမှု (အလေးချိန် ၀ ဒသမ ၀၃၈၃ ကီလို)၊ အဆင့်နိမ့်ဘိန်း လေးမှု (အလေးချိန် ၂ ဒသမ ၉၆၅၇ ကီလို)၊ ဆေးခြောက် ၁၂ မှု (အလေးချိန် ၂၂ ဒသမ ၄၈၃၇ ကီလို)၊စိတ်ကြွရူးသွပ်ဆေးပြား ၆၄ မှု (၁၁၉၂၄၆ ပြား)၊ ဘိန်းစာမှုန့် ၁၀မှု (အလေးချိန် ၁၃၀ ဒသမ ၉၅၅၄ ကီလို)၊ အက်ဖီဒရင်း နှစ်မှု (အလေးချိန် ၁၅ ကီလို)၊ဘိန်းရည် တစ်မှု(အလေးချိန် ၀ ဒသမ ၀၆ လီတာ)၊ ဆူဒိုအက်ဖီဒရင်း တစ်မှု (အလေးချိန် ၂၀၀ကီလို)၊ မော်ဖင်းထိုးဆေး တစ်မှု(တစ် ပုလင်း)၊ အိုက်စ်နှစ်မှု (အလေးချိန် ၆၄ ဒသမ ၀၇၈ ကီလို)နှင့် အခြားအမှု နှစ်မှု ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ယင်းသို့ အမှုပေါင်း ၁၆၇မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ ကျား ၂၄၁ ဦး၊ မ ၅၂ဦး စုစုပေါင်း တရားခံ ၂၉၃ဦးတို့အား ဥပဒေအရ အရေးယူခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ရှေးဟောင်းသမိုင်းအထောက်အထားများ သတ္တမအကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသမိုင်းအထောက်အထားများ သုတေသနစာတမ်းဖတ်ပွဲ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၀

ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ရှေးဟောင်းသမိုင်းအထောက်အထားများ သတ္တမအကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲကို ယမန်နေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဘက်စုံခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ မြန်မာသမိုင်းအဖွဲ့ဝင်များ၊ ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်/မန္တလေး)တို့မှ ပါမောက္ခချုပ်များ၊ စာတမ်းရှင်များ၊ ဝန်ကြီးဌာနများမှ ဖိတ်ကြားထားသော ဧည့်သည်များ၊ သုတေသီပညာရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

မြန်မာအစ မြန်မာက

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့်က အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၀၈ ခုနှစ် ဇွန်လမှစ၍ ဦးစီးဌာနအလိုက် စာတမ်းဖတ်ပွဲများကို ခိုင်မာသည့် ရည်ရွယ်ချက်များ ချမှတ်ကျင်းပပေးခဲ့ရာ ယခုစာတမ်းဖတ်ပွဲသည် (၁၉)ကြိမ်မြောက် ဖြစ်ကြောင်း၊ နိုင်ငံတကာ ပရိုင်းမိတ်ပညာရှင်များနှင့် မြန်မာပညာရှင်များ ပူးပေါင်းကွင်းဆင်း သုတေသနပြုမှုများက မြန်မာအစ မြန်မာကဆိုသည်ကို မှတ်တမ်းတင်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ပုံတောင်ကျောက်လွှာတွင် တွေ့ရှိခဲ့သည့် ပုံတောင်ဂျီးယားစ် ပရိုင်းမိတ်များ၏ လိုအပ်နေသေးသော ဦးခေါင်းနှင့် ခန္ဓာကိုယ် အခြားအစိတ်အပိုင်းများကို ပိုပြီးပြည့်ပြည့်စုံစုံရရှိအောင် ယဉ်ကျေးမှုဝန်ကြီးဌာနက နှစ်စဉ်ဆက်လက်ရှာဖွေလေ့လာ သုတေသနပြုလျက်ရှိကြောင်း၊ ၂၀၀၇ ခုနှစ်မှစ၍ ကျောက်ခေတ်လယ် သုတေသနလုပ်ငန်းကို စီမံချက် ရေးဆွဲဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအလယ်ပိုင်း၌ ကျောက်ခေတ်လယ် ယဉ်ကျေးမှုထွန်းကားခဲ့ကြောင်းကို အထောက်အထားများဖြင့် တွေ့ရှိခဲ့ပြီး သုတေသနစာတမ်းများလည်း ဖတ်ကြားခဲ့ပြီးဖြစ်ကြောင်း၊ မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်တို့တွင် ကြေးခေတ်နှင့် သံခေတ်ယဉ်ကျေးမှု အထောက်အထားများကို လွန်ခဲ့သည့် ဆယ်စုနှစ် ကာလအတွင်း သုတေသနပြု တွေ့ရှိခဲ့ပြီးဖြစ်သကဲ့သို့ ဆက်လက်၍လည်း နှစ်စဉ်လေ့လာသုတေသနပြုနေကြောင်း၊ ပရိုင်းမိတ်၊ ကျောက်ခေတ်လယ်၊ ကြေးခေတ်၊ သံခေတ် သုတေသနပြု တွေ့ရှိချက်များမှာ မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့သမိုင်းစဉ်အတွက် ခိုင်မာသည့် အဖိုးတန်အထောက်အထားများဖြစ်ကြောင်း၊ လူသားမျိုးနွယ်အစ ဖြစ်တည်ထွန်းကားလာမှုမှစပြီး သမိုင်းအကြိုခေတ်၊ ပျူယဉ်ကျေးမှုထွန်းကားခဲ့ရာကာလ၊ ထိုမှတစ်ဆင့် ယနေ့ခေတ်ကာလအထိ မြန်မာ့သမိုင်းကြောင်းကို ခေတ်စဉ်အတိုင်း လေ့လာသုတေသနပြုနိုင်ခြင်းအားဖြင့် မြန်မာနိုင်ငံရှိ တိုင်းရင်းသားများအားလုံးသည် မြန်မာ့မြေ၊ မြန်မာ့ရေပေါ်တွင် ပေါက်ဖွားရှင်သန် လှုပ်လှုပ်ရှားရှားနေထိုင်ခဲ့ကြသည့် သွေးရင်းသားရင်းများ ဖြစ်ကြောင်းကို ထုတ်ဖော် တင်ပြနိုင်ခဲ့သည့်အတွက် အလွန်အရေးပါလှကြောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ယခုကဲ့သို့ ရှေးဟောင်းသုတေသန လုပ်ငန်းများကို အင်တိုက်အားတိုက်ပြုလုပ်ပြီး စာတမ်းဖတ်ပွဲများ ကျင်းပရခြင်းမှာ ခရီးရှည်လျှောက်လှမ်းရမည့် အမျိုးသားရေးလုပ်ငန်းတာဝန်ကြီးဖြစ်ကြောင်းကို သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မမေ့မလျော့ဘဲ စွဲမြဲမှတ်ယူထားရန် လိုအပ်ကြောင်း စသည်ဖြင့် တိုက်တွန်းမှာကြားပြီး သုတေသနစာတမ်းဖတ်ပွဲကို ဖွင့်လှစ်ပေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က ကြိုဆိုနှုတ်ဆက်စကားပြောကြားပြီး စာတမ်းဖတ်ပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် စာတမ်းဖတ်ပွဲကို ကျင်းပရာ မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးလှ၊ အတွင်းရေးမှူး ဒေါက်တာကျော်ဝင်း၊ မြန်မာသမိုင်းအဖွဲ့ဝင် ဦးကျော်ငြိမ်းနှင့် ရှေးဟောင်းသုတေသနပညာရှင် ဦးမြင့်အောင်တို့က အလှည့်ကျသဘာပတိများအဖြစ် ဆောင်ရွက်ကြသည်။

စာတမ်းဖတ်ပွဲတွင် စာတမ်းရှင် ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းကျော်က မြန်မာသမိုင်းမတင်မီ ကျောက်ခေတ်ဂူ အနုပညာလေ့လာချက် သုတေသနစာတမ်း၊ ညွှန်ကြားရေးမှူး ဦးမျိုးညွန့်က ပိဋကတ်တော်လာ ပုဂံခေတ်နံရံပန်းချီ လေ့လာချက် သုတေသနစာတမ်း၊ ညွှန်ကြားရေးမှူး ဦးသိန်းလွင်က မဟာပိန္နဲနတ်နှင့် မြန်မာ့ယဉ်ကျေးမှု သုတေသန စာတမ်းနှင့် ကွန်ပျူတာလုပ်ဆောင်ရေးမှူး ဒေါ်အိသန္တာက ရတနာပုံမြို့တည် နန်းတည် သတ္တဌာနဝင် ပိဋကတ်တိုက်တော်လေ့လာချက် စာတမ်းတို့ကို တင်သွင်းဖတ်ကြားကြပြီး တက်ရောက်လာကြသော ပညာရှင်များ၊ ဧည့်သည်တော်များနှင့် သုတေသီများ၏ ဆွေးနွေးအကြံပြုမေးမြန်းသည်များကို စာတမ်းရှင်များက ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် ဝန်ကြီး ဦးခင်အောင်မြင့်က စာတမ်းများအပေါ် ဖြည့်စွက်ဆွေးနွေးမှာကြားပြီး ညနေ ၄ နာရီတွင် စာတမ်းဖတ်ပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မန္တလေးမြို့ အိမ်တော်ရာဘုရားဝင်းအတွင်း၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွား အဖြစ်မှန်ပေါ်ပေါက်ရေးအတွက် စစ်ဆေး ဖော်ထုတ်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၀

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အိမ်တော်ရာဘုရားဝင်းအတွင်းရှိ မုန္တလိန္ဒာဥယျာဉ်၏ နဂါးရုံဘုရား ဂြိုဟ်ပြေနံပြေဘုရား၌ ယနေ့နံနက် ၇ နာရီ ၄၅ မိနစ်ခန့်တွင် ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ပေါက်ကွဲမှုဖြစ်ပွားရာနေရာ၌ မီးလောင်ထားသည့် ရုပ်အင်္ကျီတစ်ထည်နှင့် နာရီဒိုင်ခွက်တစ်ခု၊ ဝါယာနှစ်ပင်တွဲလျက် ဓာတ်ခဲသုံးလုံးတို့ကို တွေ့ရှိရပြီး ပေါက်ကွဲမှုကြောင့် မိုးဇော်လတ်(၄၉)နှစ် (ဘ)ဦးချစ်မြိုင် ရေသရောက်ကုန်းရွာ ပြင်ဦးလွင်မြို့နေသူ၏ ဝဲလက်ကောက်ဝတ်နှင့် ယာပေါင်တို့၌ စုတ်ပြဲဒဏ်ရာ၊ ရင်ဘတ်နှင့် ယာပါးတို့၌ ပွန်းပဲ့ဒဏ်ရာများရရှိခဲ့သဖြင့် တာဝန်ရှိသူများက မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း သိရသည်။

ပေါက်ကွဲမှုဖြစ်ပွားလျှင်ဖြစ်ပွားချင်း တာဝန်ရှိသူများက အခင်းဖြစ်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ မိုးဇော်လတ်နှင့် ၎င်း၏ဇနီးဖြစ်သူ ဆွေဆွေဦး (ဘ)ဦးဘရွှင်တို့နှစ်ဦးကိုသာ တွေ့ရှိရပြီး စုံစမ်းစစ်ဆေးချက်များအရ အိမ်တော်ရာ ဘုရားဝင်းကို နေ့စဉ် ည ၁၀ နာရီမှ နံနက် ၄ နာရီအထိ တံခါးများပိတ်ထားကြောင်း၊ ယနေ့နံနက်ပိုင်းတွင် ဘုရားဝင်းအတွင်းသို့ ၎င်းတို့လင်မယားနှစ်ဦးမှအပ လာရောက်သူမရှိကြောင်း သိရှိရသဖြင့် မိုးဇော်လတ်၏ အဝတ်ထည့်သည့်အိတ်နှင့် လက်ဆွဲခြင်းတို့ကို ဆက်လက်စစ်ဆေးရာ မိုးဇော်လတ်၏ မှတ်တမ်းဓာတ်ပုံများ၊ ၎င်း၏ နိုင်ငံသားစိစစ်ရေးကတ်တစ်ခု၊ ဆွေဆွေဦးအမည်ပါ စိစစ်ရေးကတ်တစ်ခု၊ ဧည့်စာရင်းတိုင်ကြားစာနှစ်စောင်၊ ပေါက်ကွဲမှု ဖြစ်ပွားခဲ့သည့်နာရီနှင့် အလားတူ နာရီငါးလုံး၊ FM ရေဒီယိုတစ်လုံး၊ ဝက်အူလှည့်အသေးတစ်ခု၊ ညှပ်ဇာဂနာအသေးနှစ်ခု၊ ပါဝါဓာတ်ခဲအသေးနှစ်လုံးနှင့် ဒိုင်းလွှအသေးတစ်ချောင်းတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသဖြင့် အဖြစ်မှန်ပေါ်ပေါက်ရေးအတွက် ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦး တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၀

တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် နယ်မြေခံလေ့ကျင့်ရေးကျောင်း သေနတ်ပစ်ကွင်း၌ ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦး၊ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် သေနတ်ပစ်ပြိုင်ပွဲဝင် အသင်းများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး လေပူဖောင်းများအားသေနတ်ဖြင့် ပစ်ဖောက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် သေနတ်ပစ်အသင်းများ၏ ပြိုင်ပွဲဝင် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းမှူးသည် တိုင်းစစ်ဌာနချုပ် မွေးမြူရေးခြံသို့ရောက်ရှိပြီး မွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တက္ကသိုလ် သချ်ာမိသားစု အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၀

ရန်ကုန်တက္ကသိုလ် သင်္ချာဌာန၌ တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ကြီး ဆရာကြီး၊ ဆရာမကြီးများအား (၁၃)ကြိမ်မြောက် ပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် Royal Garden Restaurant (ဗိုလ်ချုပ်ပန်းခြံဝင်း)၌ ကျင်းပမည်ဖြစ်သည်။

အလှူငွေနှင့် ပစ္စည်းများကို ရန်ကုန်တက္ကသိုလ်သင်္ချာဌာန ဖုန်း-၀၁-၅၃၆၃၇၆၊ ဒေါက်တာဒေါ်ဝင်းကြည် ဖုန်း-၀၉-၅၀၂၀၈၀၂၊ ဦးမောင်မောင်မြင့် ဖုန်း- ၀၁-၇၀၄၈၄၉၊ ဦးကျော်သန်း(ခ) ဦးဂျေကာ ဖုန်း-၀၁-၂၂၅၇၄၄၊ ဦးအေးသိန်း ဖုန်း-၀၉-၅၀၃၃၁၀၀၊ ဦးသိန်းအောင် ဖုန်း-၀၉-၅၁၅၇၆၉၀၊ ဒေါ်ကြည်ကြည်အေး ဖုန်း- ၀၁-၅၄၅၅၄၉၊ ဒေါ်စွမ်ဖုန်း-၀၁-၂၂၃၃၂၅၊ ဒေါ်ကျော့စိန် ဖုန်း-၀၉-၅၀၂၁၃၃၄၊ ဦးမင်းထွန်း ဖုန်း-၀၉-၅၁၃၈၀၉၅၊ ဦးကျော်လင်းခိုင် ဖုန်း-၀၉-၅၀၈၃၄၅၆၊ ဦးလှမြင့် ဖုန်း-၀၉-၅၀၃၉၈၂၆တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုသော အချက်အလက်များကို ရန်ကုန်တက္ကသိုလ် သင်္ချာဌာနတွင် စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

မြဝတီရုပ်မြင်သံကြား အမှတ်စဉ်(၁)၏ မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၀

မြဝတီရုပ်မြင်သံကြား အမှတ်စဉ်(၁)၏ မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၁ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရှစ်မိုင်ရှိ Hotel Yangon, Sky View Chinese Restaurant ၌ ကျင်းပမည်ဖြစ်ရာ ဆရာများအားလုံးနှင့် သူငယ်ချင်းများအားလုံး မပျက်မကွက် ကြွရောက်ကြရန် ဖိတ်ကြားထားသည်။

မြတ်ဆရာပူဇော်ပွဲအတွက် လှူဒါန်းလိုပါက ဒေါ်စိုးစိုးရီ ဖုန်း-၀၉-၅၀၁၅၆၁၅၊ ဒေါ်အေးအေးဝင်း ဖုန်း-၀၉-၅၀၀၅၈၇၃၊ ဒေါ်ခင်ဝါဝါမြင့် ဖုန်း-၀၉-၅၁၇၃၇၇၅၆၊ ဒေါ်မြင့်မြင့်ကြည် ဖုန်း-၀၉-၅၀၆၅၉၄၀၊ ဦးသိန်းကျော် ဖုန်း-၀၉-၅၁၂၂၇၀၈နှင့် ဒေါ်စပယ်မော် ဖုန်း-၃၈၂၉၇၃၊ ၇၃၀၀၈၀၄၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(သတင်းစဉ်)

ရန်ကုန်စက်မှုတက္ကသိုလ် (၁၉၆၄-၆၅) ပထမနှစ် ကျောင်းသား၊ ကျောင်းသူ ဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၂၀

ရန်ကုန် စက်မှုတက္ကသိုလ်တွင် ၁၉၆၄ ခုနှစ်မှ ၁၉၆၅ ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသည့် ပထမနှစ်ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ကျေးဇူးရှင် ဆရာကြီး၊ ဆရာမကြီးများအား ကျေးဇူးဆပ် ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၂၇ ရက် (တနင်္လာနေ့)တွင် MCEA ရုံးချုပ်ခန်းမ ၃(က) ဝေဇယန္တာလမ်းနှင့် သံသုမာလမ်းထောင့် သုဝဏ္ဏလမ်းဆုံ၌ နံနက် ၉ နာရီမှ ၁၁ နာရီအထိ ကျင်းပမည်ဖြစ်ရာ ဦးအုန်းခိုင် ဖုန်း-၀၉-၅၀-၁၄၀၇၀၊ ဦးသန်းထွေး ဖုန်း-၀၉-၅၁၄၁၆၂၈၊ ဦးခင်မောင်မြင့်-ဒေါ်ရီရီကြီး (မေခင်ညွန့်) ဖုန်း-၆၆၅၆၆၂၊ ၇၃၁၁၂၆၈၇၊ ဦးစောလင်း ဖုန်း-၆၅၆၀၈၁၊ ဦးသိန်းဝင်း ဖုန်း-၀၉-၅၀၀၆၉၃၆၊ ဦးစိုင်းသိန်းမောင် ဖုန်း-၅၆၅၃၂၅၊ ဒေါ်တင်မြင့်ဦး ဖုန်း-၃၇၇၀၀၁၊ ဒေါ်ကြည်ကြည်စိန် ဖုန်း-၃၈၀၁၀၁၊ ဒေါ်လှဲ့လှဲ့ချစ် ဖုန်း-၀၉- ၅၁ ၇၉၇၂၈၊ ဦးစိန်မြင့် ဖုန်း-၅၃၉၉၉၈၊ ဦးခင်မောင်မောင် (ဗိသုကာ) ဖုန်း-၀၉ ၅၁ ၃၆၅၃၁၊ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှတ်(၄)ရပ်ကွက်ရှိ မှန်စီလမ်း လမ်းဘေး ဝဲ၊ ယာတွင် လမ်းပခုံးဖို့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးဇော်မြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ(၃) ဦးသိန်းဇော်လတ်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မြန်မာစီးပွားရေးလုပ်ငန်းရှင်များအတွက် Franchising ဆိုင်ရာရရှိနိုင်မည့် အခွင့်အလမ်းများ ဟောပြောပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၀

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအကြား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်လျက် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)နှင့် ထိုင်းနိုင်ငံ The Federation of Thai Industries (FTI) တို့ ပူးပေါင်း၍ ဟောပြောဆွေးနွေးပွဲ တစ်ရပ်ကို နိုဝင်ဘာ ၂၄ ရက် (ဗုဒ္ဓဟူး နေ့) မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ရှိ (UMFCCI) ခန်းမ၌ ကျင်းပရန်စီစဉ် လျက်ရှိရာ (UMFCCI) အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေးက “Business Opportunities in Myanmar Market” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ The Federation of Thai Industries (FTI) မှ Mr. Jirabool Vittayasing, Chairman of Trade Promotion & Business Networking က “Opportunities for Franchising Business in Myanmar Market Growing” နှင့် “ Your Business Opportunities with Thai Suppliers” အကြောင်းအရာများနှင့် ပတ်သက်၍ လည်းကောင်း ဟောပြောဆွေးနွေးမည်ဖြစ်ရာ (UMFCCI)နှင့် ညီနောင်အသင်းများမှ အသင်းဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း တက်ရောက်လိုသူများအနေဖြင့် UMFCCI, HRD ဌာန ဖုန်း-၂၁၇၂၁၀ နှင့် ၂၁၄၇၉ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၁၀ခုနှစ်၊ ဒီဇင်ဘာလ(၁)ရက်
ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့

"အေအိုင်ဒီအက်စ်တိုက်ဖျက်ဖို့၊ ခွဲခြားမှုကိုရှောင်ကြဉ်လို့၊
ကာကွယ်ကုသစောင့်ရှောက်စို့"

"Stop AIDS. Keep the Promise."
"Avoid Stigma & Discrimination: Towards Universal Access."

ပြွန်တန်ဆာမြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှု တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၀

ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွန်းသည် တာဝန်ရှိသူများ လိုက်ပါ၍ နိုဝင်ဘာ ၁၇ ရက်တွင် ဒိုက်ဦးမြို့နယ် ရှမ်းစုကျေးရွာ တောင်သူတစ်ဦး၏ လယ်မြေ၌ မိုးစပါးစုပေါင်းရိတ်သိမ်းနေမှုနှင့် စပါးခြွေလှေ့နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် တိုင်းမှူးအား တာဝန်ရှိသူများက မိုးစပါးရိတ်သိမ်းမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြား၍ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြွန်တန်ဆာမြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ ရောက်ရှိပြီး ကျောင်းဝင်းအတွင်း ကျောင်းဆောင်သစ်ဆောက်လုပ်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ညောင်လေးပင်မြို့နယ် စမ်းကလေးကျေးရွာအုပ်စု တောင်သူတစ်ဦး၏ လယ်မြေတွင် မိုးစပါးစုပေါင်းရိတ်သိမ်းနေမှုနှင့် စပါးခြွေလှေ့နေမှုတို့ကို ကြည့်ရှုအားပေးကြကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် တိုင်းမှူးက လိုအပ်သည်များမှာကြားပြီး ဒေသခံတောင်သူများအား လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများ မိုးရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၂၀

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမိုးရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **ညအပူချိန်များမှာ** ချင်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ပင်လောင်းမြို့၊ မင်းတပ်မြို့နှင့် ဟားခါးမြို့တို့တွင် ၉ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ပဲခူးမြို့တွင် ၂ ဒသမ ၂၀ လက်မ၊ မချမ်းဘောမြို့တွင် သုည ဒသမ ၆၃ လက်မ၊ ရန်ကုန် (မင်္ဂလာဒုံ)တွင် သုည ဒသမ ၅၆ လက်မနှင့် ပေါင်မြို့တွင် သုည ဒသမ ၄၉ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

နိုဝင်ဘာ ၂၁ ရက် ညနေထိခန့်မှန်းချက်။ ။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် မိုးရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

Myanmar Singapore Medical Friendship Mission 2010
အောင်မြင်မှုအထိမ်းအမှတ်နှင့် ဂုဏ်ပြုပွဲ အခမ်းအနား ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၀

European Star 2010 ရွှေတံဆိပ်ဆုရှင် Myanmar က ကရုဏာရှေးရှု မြန်မာမှုအစီအစဉ်မှ ပံ့ပိုးကူညီသော နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင် ကလေးငယ်များအား ခွဲစိတ်ကုသပေးခဲ့သည့် Operation Smile ၏ Myanmar Singapore Medical Friendship Mission 2010 အောင်မြင်မှု အထိမ်းအမှတ်နှင့်ပါဝင်ဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို နိုဝင်ဘာ ၁၉ ရက် ညနေ ၅ နာရီ တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ အင်းယားလိတ်ဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာဘရူဝါရီလီမိတက် ဥက္ကဋ္ဌ ဦးနေဝင်းက ဂုဏ်ပြုနှုတ်ခွန်းဆက်စကားပြောကြားပြီး**(အောက်ဝဲပုံ)** တာဝန်ရှိသူတစ်ဦးက ပါဝင်ဆောင်ရွက်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော စာနယ်ဇင်းများမှ တာဝန်ရှိသူများက သိလိုသည်များကို မေးမြန်းကြရာ မြန်မာဘရူဝါရီလီမိတက်မှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။ (သတင်းစဉ်)

ဟသ်ာတ GTI တတိယအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၀

ဟသ်ာတ GTI (၁၉၈၂-၂၀၀၀)၏ တတိယအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ အခမ်းအနားကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၉ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီမှ ညနေ ၃ နာရီထိ ရွှေရှမ်းကန်စားသောက်ဆိုင် (တက္ကသိုလ်လှေလှော်အသင်းဝင်း) အင်းလျားလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ရာ အလှူငွေနှင့်ပစ္စည်းများကို ဒီဇင်ဘာ ၁၉ ရက် နောက်ဆုံးထား၍ ကိုစန်းလွင် ဖုန်း-၀၉-၈၅၉၂၁၁၃၊ ကိုဇော်ငွေ ဖုန်း-၀၉-၅၁၀၀၀၃၂၊ ကိုစိုးနိုင် ဖုန်း-၀၉-၅၁၂၃၆၆၉၊ မစန်းယုမော် ဖုန်း-၀၁-၃၈၂၅၄၁၊ ကိုငွေလှိုင်(နေပြည်တော်) ဖုန်း-၀၉-၈၆၁၁၉၈၆၊ ကိုဘိုဘိုသွင်(နေပြည်တော်) ဖုန်း-၀၉-၈၃၀၁၅၉၆၊ ကိုခင်မောင်ဦး (နေပြည်တော်) ဖုန်း-၀၉-၈၆၂၁၆၅၅၊ ကိုထွန်းထွန်းလင်း ဖုန်း-၀၉-၅၂၀၀၂၆၇၊ ကိုဆန္ဒမောင် ဖုန်း-၀၉-၅၁၁၃၈၈၀၊ (အမှုဆောင်အဖွဲ့ရုံး)ဖုန်း-၀၉-၅၁၇၅၀၄၇၊ ကိုမောင်မောင်မြင့် ဖုန်း-၀၉-၅၀၆၇၂၁၀ တို့သို့ ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

စီးပွားရေးတက္ကသိုလ် (ရန်ကုန်) အာစရိယပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၂၀

မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်းမှ ဦးစီး၍ စီးပွားရေးတက္ကသိုလ် (ရန်ကုန်)၏ (၁၆) ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် စီးပွားရေးတက္ကသိုလ်(ရန်ကုန်) နီလာရတုခန်းမ၌ ကျင်းပမည်ဖြစ်ရာ အလှူငွေနှင့် ပစ္စည်းများကို ဦးတင်ဝင်းအောင် (ဥက္ကဋ္ဌ) ဖုန်း-၀၉-၅၀၅၈၁၁၃၊ ဦးရဲမြင့် (ဒု-ဥက္ကဋ္ဌ) ဖုန်း-၂၄၆၆၃၄၊ ဦးမြမောင်(ဒု-ဥက္ကဋ္ဌ) ဖုန်း-၅၅၆၃၉၆၊ ဦးကြည်လွင် (ဒု-ဥက္ကဋ္ဌ) ဖုန်း-၂၀၄၀၂၁၊ ဒေါ်ကြူကြူဝင်း ဖုန်း-၃၉၃၄၅၂၊ ဒေါ်ခင်စိုးအောင် ဖုန်း-၇၀၀၀၉၆၊ ဦးတင်လှိုင် ဖုန်း-၆၅၁၄၀၀ တို့သို့ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်သည့်အပြင် တိုက်ရိုက်ပေးပို့ လှူဒါန်းလိုပါက မြန်မာ့စီးပွားရေးဘဏ် ငွေစုဘဏ်ခွဲ(၃)၊ ဘဏ်စာရင်းအမှတ် (CF- ၀၀၀၀၅၆) သို့ တိုက်ရိုက်ငွေပေးသွင်းလှူဒါန်းနိုင်သည်။ ထို့အပြင် စနေ၊ တနင်္ဂနွေ မွန်းလွဲ ၁ နာရီတွင် ကျင်းပမည့် စီးပွားရေးတက္ကသိုလ် အခန်း(၁၀)၌ ကျင်းပသော အာစရိယပူဇော်ပွဲ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများသို့ တက်ရောက်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

အမြို့မြို့အနယ်နယ်တွင် ဖွံ့ဖြိုးစည်ပင်

မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော် ခရိုင်ချင်းဆက်လမ်း အမှတ်(၂)ရှိ လမ်းတံတားများကို ကြည့်ရှုစစ်ဆေးရာ လမ်းတာဝန်ခံ ရမည်းသင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး)ဦးသိန်းနိုင် ရှင်းလင်းတင်ပြစဉ်။ (တိုင်းဒေသကြီးစည်ပင်)

ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပင်လုံလမ်းပေါ်ရှိ အုတ်ခုံခံကွန်ကရစ်တံတားအရှည် ၁၆ ပေ၊ အကျယ် လေးပေ၊ အမြင့် ငါးပေအား တာဝန်ခံအင်ဂျင်နီယာ ဦးဗိုလ်ဗိုလ်မြင့် တာဝန်ယူတည်ဆောက်နေမှုကို အမှုဆောင်အရာရှိ ဦးထွန်းထွန်း ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပရေးနှင့် ပြည်သူများသွားလာမှု အဆင်ပြေစေရေးအတွက် မြို့တွင်းလမ်းဘေး ဝဲ၊ ယာ ပလက်ဖောင်းများ အဆင့်မြှင့်တင်ခြင်း၊ ကပ်တုံးများပြုပြင်ခြင်းတို့အား နိုဝင်ဘာ ၁၆ ရက်က အငယ်တန်းအင်ဂျင်နီယာ(၃) ဒေါ်ဥမ္မာခိုင် ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် အင်ဂျင်နီယာမှူး ဦးမြင့်စိုးတို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ကယားပြည်နယ် ဒီမောဆိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ဒေါ်တမငယ်ရပ်ကွက် စက်ရေတွင်း တူးဖော်နေမှုကို ဒီမောဆိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

နေပြည်တော် ပထမဆုံးအကြိမ် နေပြည်တော်-မန္တလေး-နေပြည်တော် မိုင် ၃၉၀ ခရီးရှည် အမျိုးသား၊အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၀

မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် အားကစားဝန်ကြီးဌာနတို့၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်က ကြီးမှူး၍ နေပြည်တော် ပထမဆုံးအကြိမ် နေပြည်တော်-မန္တလေး- နေပြည်တော် မိုင် ၃၉၀ ခရီးရှည် အမျိုးသား၊ အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲကို နိုဝင်ဘာ ၂၇ ရက်မှ ၃၀ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

နေပြည်တော် ပထမဆုံးအကြိမ် မိုင် ၃၉၀ ခရီးရှည်စက်ဘီးစီးပြိုင်ပွဲ၏ သတ်မှတ်ထားသော ခရီးစဉ်အရ နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမရှေ့မှ စတင်တာထွက်ပြီး မိတ္ထီလာအထိ မိုင် ၁၀၀ အမျိုးသားပြိုင်ပွဲနှင့် ယင်းနေ့တွင်ပင် ပျော်ဘွယ်မှ မိတ္ထီလာအထိ ၂၆ မိုင် အမျိုးသမီးပြိုင်ပွဲများကို ကျင်းပမည်ဖြစ်သည်။

နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် မိတ္ထီလာမှ မန္တလေးအထိ ၉၅ မိုင် အမျိုးသားပြိုင်ပွဲနှင့် ယင်းနေ့တွင်ပင် ကျောက်ဆည်မှ မန္တလေးအထိ မိုင် ၃၀ အမျိုးသမီးပြိုင်ပွဲများကို ဆက်လက်ကျင်းပမည်ဖြစ်သည်။

နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် မန္တလေးမှ မိတ္ထီလာအထိ ၉၅ မိုင် အမျိုးသားပြိုင်ပွဲနှင့် ယင်းနေ့တွင်ပင် ဝမ်းတွင်းမှ မိတ္ထီလာအထိ မိုင် ၂၀ အမျိုးသမီးပြိုင်ပွဲများကို ဆက်လက်ကျင်းပမည်ဖြစ်သည်။

နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် မိတ္ထီလာမှ နေပြည်တော်မြို့တော်ခန်းမရှေ့အထိ မိုင် ၁၀၀ အမျိုးသား ပြိုင်ပွဲနှင့် ယင်းနေ့တွင်ပင် နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ်မှ နေပြည်တော်မြို့တော်ခန်းမရှေ့အထိ မိုင် ၃၀ အမျိုးသမီးပြိုင်ပွဲများကို ဆက်လက်ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲ၏ သတ်မှတ်ထားသော ခရီးစဉ်အပိုင်းအလိုက် စံချိန်များကို သတ်မှတ်ထားပြီး ပြိုင်ပွဲဝင်အားကစားမောင်မယ်များ၏ စံချိန်အလိုက် ဆုများကို ထိုက်ထိုက်တန်တန် ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။

နေပြည်တော် ပထမဆုံးအကြိမ် မိုင် ၃၉၀ ခရီးရှည် စက်ဘီးစီးပြိုင်ပွဲတွင် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၆ ခုစလုံးမှ မျိုးဆက်သစ်အားကစားမောင်မယ်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး စက်ဘီးစီးလက်ရွေးစင်များ၊ မြန်မာ့လက်ရွေးစင်များနှင့် စက်ဘီးစီးအားကစားဝါသနာရှင်များ မည်သူမဆို ပါဝင်ယှဉ်ပြိုင်ခွင့်ပြုထားသည်။

အဆိုပါ ခရီးရှည် စက်ဘီးစီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများသည် နိုဝင်ဘာ ၂၅ ရက်နောက်ဆုံးထား၍ ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်းဝင်း(သုဝဏ္ဏ)ရှိ မြန်မာနိုင်ငံ စက်ဘီးစီးအဖွဲ့ချုပ် ဖုန်း-၀၁-၇၃၀၅၆၇၁၀ နှင့် ၀၁-၅၆၁၃၃၆၊ မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဖုန်း-၀၂-၃၃၆၁၉၊ မိတ္ထီလာခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန ဖုန်း-၀၆၄-၂၃၂၂၁၊ နေပြည်တော်ပေါင်းလောင်းအားကစားကွင်း ဖုန်း-၀၆၇-၂၂၀၈၀ နှင့် ၀၆၇-၂၂၀၈၂တို့သို့ အမည်စာရင်းများပေးသွင်းကြပြီး ပြိုင်ပွဲနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းနိုင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာအားကစားအသင်း ငွေတံဆိပ်တစ်ခု ထပ်မံဆွတ်ခူးရရှိ

ရန်ကုန် နိုဝင်ဘာ ၂၀

(၁၆)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုးမြို့၌ ဆက်လက်ကျင်းပလျက်ရှိရာ မြန်မာ့လက်ရွေးစင် လှေလှော်အားကစားအဖွဲ့သည် ယနေ့ကျင်းပသော အမျိုးသား မီတာ ၂၅၀ နဂါးလှေပြိုင်ပွဲတွင် ဒုတိယ ငွေတံဆိပ် ဆွတ်ခူးရရှိပြီး အင်ဒိုနီးရှားက ပထမ၊တရုတ်ပြည်သူ့သမ္မတနိုင်ငံက တတိယရရှိကြောင်း သိရသည်။

ယနေ့အထိ မြန်မာနိုင်ငံမှ ငွေတံဆိပ်ဆုငါးခုနှင့် ကြေးတံဆိပ်တစ်ခုတို့ကို ဆွတ်ခူးရရှိပြီး ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကမ္ဘာ့ AIDS နေ့ အထိမ်းအမှတ် စကားဝိုင်းနှင့် ဖျော်ဖြေပွဲကျင်းပရေးစီစဉ်

ရန်ကုန် နိုဝင်ဘာ ၂၀

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)၏ ကူညီမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် Burmet Institute တို့ ပူးပေါင်း၍ ဒီဇင်ဘာ ၁ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ AIDS နေ့ အထိမ်းအမှတ် စကားဝိုင်းနှင့်ဖျော်ဖြေပွဲကို ဒီဇင်ဘာ ၅ ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၂ ရက် မွန်းလွဲပိုင်းက စမ်းချောင်းမြို့နယ် ကျွန်းတောလမ်း မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းရုံးချုပ် ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းရုံးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဒုတိယရဲမှူးကြီးစိုင်းအောင်မင်း(ငြိမ်း)က အဖွင့်အမှာစကားပြောကြားပြီး Burmet Institute မှတာဝန်ခံအရာရှိ ဒေါက်တာလှဌေးတို့က အစီအစဉ်များကိုတင်ပြသည်။

ထို့နောက် မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးယဉ်ကျော်(ဒါရိုက်တာမောင်ယဉ်ကျော်)နှင့် ဒုတိယဥက္ကဋ္ဌ ဦးစိုးဝင်း(သတင်းထောက် စဉ့်ကူစိုးဝင်း)တို့က တင်ပြပြီး တက်ရောက်လာသူများက အကြံပြုဆွေးနွေးကြသည်။

အဆိုပါ ဖျော်ဖြေပွဲသို့ မည်သူမဆို အခမဲ့လာရောက်အားပေးနိုင်ပြီး ဇာတ်စင်နောက်ကျော၊ရှေ့မျက်နှာစာ ကြော်ငြာလှူဒါန်းလိုသူများသည် ဦးယဉ်ကျော်(ဒါရိုက်တာမောင်ယဉ်ကျော်)ရုံးဖုန်း-၃၇၉၅၂၈၊ အိမ်ဖုန်း-၆၄၃၀၆၁ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

၂၀၁၀ ခုနှစ် ဆဋ္ဌမအကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၀

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ၂၀၁၀ ခုနှစ် ဆဋ္ဌမအကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ စတင်ကျင်းပသည်။

အမျိုးသားအသင်းလိုက် အုပ်စုပတ်လည်ပြိုင်ပွဲတွင် (က)အုပ်စုမှ ရွှေဒေါင်းယဉ်အသင်းက Y.C.D.C အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ P&E အသင်းက Violet အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် လည်းကောင်း၊ (ခ)အုပ်စုမှ အောင်ဆုထူးပိုင်အသင်းက Horn Bill အသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ Morning Star အသင်းက Olympic အသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိသွားကြသည်။

အလွတ်တန်း အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲနှင့် လူငယ်သက်တမ်းလိုက်ပြိုင်ပွဲများ၏ ပထမနေ့ပြိုင်ပွဲများတွင် အနိုင်ရရှိကြသော တင်းနစ်အားကစားသမားများသည် ဒုတိယနေ့ပြိုင်ပွဲများသို့ တက်ရောက် ယှဉ်ပြိုင်ကစားခွင့်ရရှိသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းလမ်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ထားဝယ်မြို့ ဦးကျော်ရင်လမ်း ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းကို အင်ဂျင်နီယာမှူး ဦးထင်လင်းကျော် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

နိုင်ငံတကာအားကစားသတင်းများ

၁၉၉၃ ခုနှစ် နောက်ပိုင်း ပထမဆုံးအကြိမ် အမ်းမရိတ်ကွင်း၌ စပါးအသင်း နိုင်ပွဲပြန်ရ

လန်ဒန် နိုဝင်ဘာ ၂၀

လန်ဒန်မြို့ခံပြိုင်ဘက်များ ဖြစ်သည့် အာဆင်နယ်နှင့် တော့တင်ဟမ်ဟော့စပါးအသင်းတို့သည် အာဆင်နယ်အသင်း၏ အမ်းမရိတ်ကွင်းတွင် ယနေ့ယှဉ်ပြိုင်ကစားခဲ့ရာ စပါးအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပွဲကစားချိန် ပထမပိုင်းတစ်ပိုင်းလုံးတွင် အာဆင်နယ်သည် ကွင်းလယ်ကစားသမား နာဆရီနှင့် ရှေ့တန်းလူ ချာမက်တို့၏ သွင်းဂိုးများဖြင့် ဇယားထိပ်ပေါ်မှ ချယ်လ်ဆီးအသင်းကို ကျော်ဖြတ်နိုင်မည့် အခြေအနေကောင်းများ ရရှိခဲ့သည်။

သို့ရာတွင် ဒုတိယပိုင်းတွင် စပါးအသင်းသည် အင်္ဂလန်ရှေ့တန်းလူ ဂျာမိန်းဒီဖိုးကို ထည့်သွင်းကစားစေခဲ့ရာ စပါးအသင်းစုစည်းမှု ပိုကောင်းလာပြီး မိနစ် ၅၀ တွင် ကွင်းလယ်လူ ဂါရတ်ဘေးလ်၊ ၆၇ မိနစ်တွင် ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် ရာဖေးလ်ဗန်ဒါဗတ်က လည်းကောင်း ချေပဂိုးများ အသီးသီး သွင်းယူနိုင်ခဲ့ကြသည်။

ပွဲကစားချိန် ၈၅ မိနစ်တွင် စပါးအသင်း အလယ်တန်းကစားသမား ရာဖေးလ်ဗန်ဒါဗတ်၏ အလွတ်တည်ကန်ဘောမှတစ်ဆင့်ယိုးနက်စ်ကာဘိုးလ်က စပါးအသင်းအတွက် အနိုင်ဂိုးကို သွင်းယူနိုင်ခဲ့သည်။

ကာဘိုးလ်၏ တတိယဂိုးကြောင့် တော့တင်ဟမ်ဟော့စပါးအသင်းသည် မြို့ခံပြိုင်ဘက် အာဆင်နယ်အသင်းကို အဝေးကွင်း၌ ၁၉၉၃ ခုနှစ် မေလ နောက်ပိုင်း ပထမဆုံး အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

ပွဲမတိုင်မီ ထွက်ပေါ်ခဲ့သောသတင်းများအတိုင်း အာဆင်နယ်ကွင်းလယ်လူ နာဆရီသည် ၎င်း၏ တစ်နိုင်ငံတည်းသားကစားဖော်လည်းဖြစ်၊ အာဆင်နယ်အသင်းသားဟောင်း တစ်ဦးလည်းဖြစ်ခဲ့ဖူးသူ ဝီလီလျံဂါးလက်စ်ကို လက်ဆွဲနှုတ်ဆက်ခဲ့ခြင်း မရှိဟုဆိုသည်။ **အီးအက်စ်ပီအင်န်။**

နိုဝင်ဘာ ၂၀ ရက်က ကစားခဲ့သော ပရီမီယာလိဂ် ပွဲ စဉ် တွင် အာ ဆင် နယ် ကွင်း လယ် လူ ဒီနယ်လ်ဆင်နှင့် စပါးနောက်ခံလူ ဝီလီလျံဂါးလက်စ် တို့ ဘောလုံးယှဉ် လုစဉ်။

ဒဏ်ရာ ပြဿနာများကြောင့် အပြောင်းအရွှေ့ဈေးကွက်သို့ ချယ်လ်ဆီးဝင်ရဖွယ်ရှိ

လန်ဒန် နိုဝင်ဘာ ၂၀

ချယ်လ်ဆီးအသင်း နောက်ခံလူများဖြစ်သော အသင်းခေါင်းဆောင် ဂျွန်တယ်ရီနှင့် အဲလက်စ်တို့နှစ်ဦးသည် ဒဏ်ရာပြဿနာများကြောင့် ကာလရှည်နားရမည်ဆိုပါက ဘောလုံးသမားအရောင်းအဝယ်ဈေးကွက်ရာသီတွင် အသင်းနည်းပြ ကာလိုအန်ဆယ်လော့တီအနေဖြင့် ခြေသွက်လက်သွက် လှုပ်ရှားရဖွယ်ရှိကြောင်း နိုဝင်ဘာ ၁၉ ရက် သတင်းတစ်ရပ်တွင်ဖော်ပြထားသည်။

ဂျွန်တယ်ရီနှင့် အဲလက်စ်တို့နှစ်ဦးစလုံးသည် နိုဝင်ဘာ ၁၄ ရက်က ယှဉ်ပြိုင်ကစားခဲ့သော ချယ်လ်ဆီးနှင့် ဆန်းဒါးလန်း ပွဲစဉ်ကို ဒဏ်ရာပြဿနာများကြောင့် လွဲချော်ခဲ့ရသည်။ ယင်းပွဲစဉ်တွင် ချယ်လ်ဆီးသည် ဆန်းဒါးလန်းကို သုံးဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့ရသည်။

ကစားသမားနှစ်ဦးလုံး ကာလရှည်နားရမည်ဆိုပါက အပြောင်းအရွှေ့ဈေးကွက်တွင်းသို့ ဝင်၊ မဝင်နှင့် ပတ်သက်၍ အခြေအနေအရပ်ရပ်သည် ဂျွန်တယ်ရီနှင့် အဲလက်စ်တို့၏ ဒဏ်ရာအခြေအနေ တိုးတက်မှုပေါ်တွင် မူတည်ကြောင်း နည်းပြအန်ဆယ်လော့တီက ပြောကြားသည်။**(အပေါ်ဓါတ်ပုံ)**

အီးအက်စ်ပီအင်န်။

မန်စီးတီးသည် ကစားသမားတစ်ဦးသာပါရှိသည့် အသင်းမဟုတ်ဟု မီကာရစ်ချက် ပြောကြား

လန်ဒန် နိုဝင်ဘာ ၂၀

မန်ချက်စတာစီးတီးအသင်းသည် ရှေ့တန်းကစားသမား အာဂျင်တီးနားနိုင်ငံသား ကားလို့စ်တီဗက်စ်တစ်ဦးတည်းကိုသာ အလွန်အကျွံ မှီခိုနေရသည်ဟူသော ပြောကြားချက်များကို နောက်ခံလူ မီကာရစ်ချက်က ငြင်းပယ်ခဲ့ကြောင်း နိုဝင်ဘာ ၁၉ ရက် သတင်းများတွင် ဖော်ပြသည်။အာဂျင်တီးနားရှေ့တန်းလူ ကားလို့စ်တီဗက်စ်သည် မန်ချက်စတာစီးတီးအတွက် အားထားရသော ကစားသမားတစ်ဦးဖြစ်ပြီး ယခုနှစ်ရာသီ မန်ချက်စတာစီးတီးအသင်း၏ ပရီမီယာလိဂ်သွင်းဂိုး ၁၅ ဂိုးအနက် ခုနစ်ဂိုးကို ၎င်းက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် နောက်ခံကစားသမား မီကာရစ်ချက်က မန်ချက်စတာစီးတီးအသင်းသည် ကစားသမားတစ်ဦးတည်းဖြင့် ဖွဲ့စည်းထားသောအသင်း မဟုတ်ကြောင်း၊ ရှေ့တန်း၊ ကွင်းလယ်၊ နောက်ခံကစားသမားများနှင့် ဂိုးသမားအပါအဝင် ကစားသမားအသီးသီးသည် သက်ဆိုင်ရာတာဝန်များကို အသီးသီးယူထားရသည့် အသင်းဖြစ်ကြောင်း နောက်ခံကစားသမား မီကာရစ်ချက်က ပြောကြားခဲ့သည်။ **(အပေါ်ယာပုံ)**



မန်ချက်စတာစီးတီးအသင်းသည် ၎င်းနောက်ဆုံးကစားခဲ့သော ပွဲစဉ် နှစ်ရပ်အပါအဝင် ပရီမီယာလိဂ်ပွဲစဉ် လေးပွဲကို သရေသာကစားနိုင်ခဲ့ပြီး အမှတ်ပေးဇယား၏ စတုတ္ထနေရာ၌ ရပ်တည်နေသည်။ **အီးအက်စ်ပီအင်န်။**

နိုဝင်ဘာ ၂၀ ရက် ပရီမီယာလိဂ်ပွဲစဉ် ရလဒ်များ

ဘာမင်ဂမ်	၁ - ၀	ချယ်လ်ဆီး
ဘော်လ်တန်	၅ - ၁	နယူးကာဆယ်
ဘလက်ခ်ပူးလ်	၂ - ၁	ဝုဖ်ဗာဟမ်တန်
ဝက်စ်ဘရွမ်း	၀ - ၃	စတုတ်စီးတီး
မန်ချက်စတာယူနိုက်တက်	၂ - ၀	ဝီဂန်
အာဆင်နယ်	၂ - ၃	တော့တင်ဟမ်ဟော့စပါး

မော်ဘီလမ်းမကြီး (ဆ) ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေ ဦးကြည်လှိုင်-ဒေါ်ယဉ်ယဉ်ချို မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရ ဆေးပဒေသာပင် အလှူငွေကျပ် ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။ (သတင်းစဉ်)

အထက်တန်းကျောင်း(ခွဲ)ဖွင့်ပွဲနှင့် ရွှေရတနာ နှစ်ထပ်ကျောင်းဆောင်သစ် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်

ရေဦး နိုဝင်ဘာ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရေဦးမြို့နယ် ရွာဗိုကြီးကျေးရွာ အထက်တန်းကျောင်း(ခွဲ) ဖွင့်ပွဲနှင့် ရွှေရတနာ နှစ်ထပ်ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၃ ရက် နံနက်က အဆိုပါကျောင်း၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတိုးတိုးထွန်း၊ မြို့နယ်ပညာရေးမှူး ဦးကျော်တင့်နှင့် ကျောင်းအကျိုးတော်ဆောင် ဦးထွန်းမြင့်အောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်၏ ပံ့ပိုးမှု၊ အများပြည်သူများ၏ ထည့်ဝင်လှူဒါန်းငွေတို့ဖြင့် ဆောက်လုပ်ပြီးစီးသည့် ရွှေရတနာ နှစ်ထပ်ကျောင်းဆောင်သစ်ကို ကျောင်းအကျိုးတော်ဆောင် ဦးထွန်းမြင့်အောင်က ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတိုးတိုးထွန်း၊ မြို့နယ်ပညာရေးမှူး ဦးကျော်တင့်၊ ကျောင်းအုပ်ဆရာကြီး ဦးကျော်ရွှေတို့က လက်ခံရယူပြီး အဆိုပါနှစ်ထပ်ကျောင်းဆောင်သစ်သည် အလျား ပေ ၁၂၀၊ အနံ ပေ ၃၀ ရှိကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံး
မီးသတ်ဆေးဘူးများဝယ်ယူရန် ကြော်ငြာ

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့မှ ဂျပန်နိုင်ငံလုပ် (Dry Chemical Powder 3 Kg) များဝယ်ယူလိုပါသည်။ ရောင်းချလိုသူများသည် တင်ဒါပုံစံတစ်စုံလျှင် ၅၀၀၀ိ/ ကျပ်နှုန်းဖြင့် ဂေါပကအဖွဲ့ရုံး ဗဟိုသိုလှောင်၌ ဝယ်ယူပြီး ၂၄-၁၁-၂၀၁၀ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီနောက်ဆုံးထား၍ ဈေးပြိုင်တင်ဒါတင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်းဂေါပကအဖွဲ့ရုံး ဗဟိုသိုလှောင်ရေးဌာနတွင် စုံစမ်းနိုင်ပါသည်။ **ဝင်းကြိုင်-ရုံးအဖွဲ့မှူး**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ဆည်မြောင်းဦးစီးဌာန
ချိပ်ပိတ်တင်ဒါ (Sealed Tender)များ ခေါ်ယူခြင်း

၁။ ဆည်မြောင်းဦးစီးဌာနမှ Saudi Fund for Development မှ ချေးငွေဖြင့် အောက်ပါပစ္စည်းများကို နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ(US Dollar)ဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender)များကို ပေးသွင်းရန်ဖိတ်ခေါ်ပါသည်။

စဉ် ချိပ်ပိတ်တင်ဒါအမှတ် ပစ္စည်းအမျိုးအမည် အရေအတွက်

1. FQ NO.15/ EARTH MOVING EQUIPMENT / IRR / 2010-2011

Purchase of Earth Moving Equipments

Commodity (1)	Crawler Tractor(200HP) Make & Model: Komatsu D 85 ESS-2A	(3)Units
Commodity (2)	Hydraulic Excavator(1m³)with back hoe attachment Make & Model: Hitachi ZX 210 LCH-3F(or) Hitachi ZX 250 LCH-3F	(5)Units
Commodity (3)	Dump Truck (18 Ton) Make & Model: Nissan CWB 450 HDLT (or) Nissan CWB 452 H	(10)Units

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန်-၆-၁၂-၂၀၁၀ ရက် (တနင်္လာနေ့) ၁၆း၀၀နာရီ

၂။ တင်ဒါပုံစံများကို US Dollar 100 နှုန်းဖြင့် အောက်ဖော်ပြပါဌာနတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဖြည့်တင်းရေးဌာနခွဲ ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)ရုံးအမှတ်(၄၃)နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၃၁၆

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

လားရှိုးမြို့နေ ဦးခင်မောင်ဌေး-ဒေါ်နန်းစိန်မြတို့၏သား

စိုင်းစိုးဝေယံမောင် B.Tech (Mechanical)

နှင့်

မန္တလေးမြို့၊ ဈေးချိုဝါးတန်းရပ်နေ ပွဲစားကြီး ဦးမြင့်သိန်း-(ဒေါ်သန်းနွဲ့)(ချမ်းသာအောင်လက်ဖက်ပွဲရုံ)တို့၏သမီး

မစုစန္ဒာထက် B.Tech(Mechanical)

တို့သည် ၂၆-၁၀-၂၀၁၀ရက်(အင်္ဂါနေ့)တွင် မန္တလေးမြို့ Sedona Hotel အမရပူရမင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားသို့ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော တရားရုံးချုပ် မန္တလေးတရားသူကြီး ဦးမြင့်အောင်နှင့် ဇနီး ဒေါ်လှလှသန်းတို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော တရားရုံးချုပ် မန္တလေးတရားသူကြီး ဦးစန်းတင့်ရီနှင့်ဇနီး ဒေါ်ချိုချိုတို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပွဲသို့ ကိုယ်တိုင်တက်ရောက်မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပစ္စည်း ပေးပို့ပေးပါသော ရပ်ဝေးရပ်နီးမှ ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးအား ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

နှစ်ဖက်သောမိဘများနှင့်
စိုင်းစိုးဝေယံမောင်-မစုစန္ဒာထက်

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များကန်တော့ပွဲ ကျင်းပရေးစည်းဝေး

ရန်ကုန် နိုဝင်ဘာ ၂၀

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ၁၃၇၂ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲ ကျင်းပရေးကော်မတီ အစည်းအဝေးကို နိုဝင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ စာပေဗိမာန် ဒုတိယထပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က အမှာစကား ပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ လုပ်ငန်းကော်မတီ အသီးသီးမှ အဖွဲ့ခေါင်းဆောင်များက လုပ်ငန်းကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ယင်းအစည်းအဝေးတွင် အလှူရှင်များ ဖြစ်ကြသည့် ဦးမောင်မျိုး (မောင်မျိုး ကြောင်နှစ်ကောင်) က အလှူငွေကျပ် နှစ်သိန်း၊ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)၊ ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)၊ ဦးမြတ်ခိုင် (မြတ်ခိုင်)၊ ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ)၊ ဦးကျော်ဝင်း (မနုဿကျော်ဝင်း)နှင့် ဦးမောင်မောင်မြင့်အေး (မောင်မောင်မြင့်အေး)နှင့် ဇနီး ဒေါက်တာ စောယုနွယ်တို့က ငွေကျပ်တစ်သိန်းစီ၊ ဦးကိုကိုလှိုင် (ကိုကိုလှိုင်)၊ ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)၊ ဒေါက်တာ တင်မောင်ထွေး (ဒေါက်ထွေး-ဆေး /မန်း)၊ ဦးခင်ဆွေ (ရွှေစွန်ညို)နှင့် ဇနီး ဒေါ်နုယဉ်၊ ကြည့်မြင်တိုင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် ခရမ်းမြို့နယ် စာပေနှင့် စာနယ်ဇင်း အဖွဲ့တို့က ငွေကျပ် ငါးသောင်းစီ၊ မူဆယ်မြို့မှ စာရေးဆရာသိန်းဖော် (ရွှေလီဦး)နှင့် ဇနီး ဒေါ်ရီဝင်း(သား) ကျော်ဇေယျာလွင်နှင့် စာရေးဆရာ နိုင်မျိုးသစ္စာ (နမ္မတူ) မိသားစုတို့က ငွေကျပ် သုံးသောင်းစီ၊ မူဆယ်မြို့မှ စာရေးဆရာ ကျော်မျိုးနွယ်နှင့် ဇနီး ဒေါ်ခင်ဌေး (သား) ထက်ခေါင်ကျော်က ငွေကျပ် နှစ်သောင်းနှင့် စာရေးဆရာမ ဝါဝါထင်လင်းက ငွေကျပ် တစ်သောင်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းနှင့် (၃၇)လမ်းထောင့် ရန်ကုန်မြို့ရှိ စာပေဗိမာန် (ဒုတိယထပ်) ဖုန်း-၃၈၅၂၇၃နှင့် ၂၅၂၄၁၇ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကန့်ကွက်နိုင်ပါသည်

ရောဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ဓနုဖြူမြို့နယ်၊ ဓနုဖြူမြို့ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ် (၅)၊ အလယ်ပိုင်းရပ်ကွက် ဦးပိုင်အမှတ် (၇၅)၊ ဘိုးဘွားပိုင်မြေ၊ ဧရိယာ (၀ဒသမ၁၀၀) ဧကရှိ မြေကွက်နှင့် မြေပေါ်ရှိ နှစ်ထပ်တိုက်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဓနုဖြူမြို့ (၄)ရပ်ကွက်၊ လမ်းမတော်လမ်း၊ အမှတ် (၆၀)နေ ဒေါ်ကျင်သန်း (ဘ)ဦးစွန်တိတ် [၁၄/ ဓနဖ (နိုင်)၀၈၂၉၅၀]က တစ်ဦးတည်းပိုင်ဆိုင်လျက်ရှိပါသည်။

ဒေါ်ကျင်သန်းက မိမိပိုင်ဆိုင်သော မြေနှင့်တိုက်အဆောက်အအုံကို မြေးဖြစ်သူ မောင်ဘုန်းထွဋ်ကျော်(ဘ) ဦးတင်မောင်နိုင်သို့ အဖိုးစားနား တစ်ပြားတစ်ချပ်မျှ ရယူခြင်းမရှိဘဲ ချစ်ခြင်းမေတ္တာစေတနာဖြင့် ဥပဒေနှင့်အညီအပြီးအပိုင် လွှဲပြောင်းပေးအပ်ရန် စီစဉ်ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုပါက ယခုကြော်ငြာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းများ ကျွန်ုပ်ထံသို့ တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက မေတ္တာဖြင့် အပြီးအပိုင်လွှဲပြောင်းပေးအပ်ခြင်း ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ကျင်သန်း (ဘ)ဦးစွန်တိတ်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဓနုဖြူဦးသန်းဆွေ
LL.B, H.G.P. ADVOCATE
တရားရုံးချုပ်ရှေ့နေကြီး -စဉ်(၂၈၆၈)
အမှတ်-၅၁၊ ခေမာလမ်း၊ ဓနုဖြူမြို့
ဖုန်း-၀၄၆-၂၅၂၄၈၊ ၀၉-၈၅၃၄၅၃၆



သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် မိုးရာသီကာလက ပျက်စီးခဲ့သည့် ဗိုလ်ချုပ်နေဝင်းလမ်း (ဖို့မြေလမ်းထိပ်နှင့် ခရိုင်လျှပ်စစ်ရုံးရှေ့)တွင် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမင်းဇော်ထွန်းက ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁၆ ရက်က ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် အင်ဂျင်နီယာမှူး ဦးမြင့်စိုးတို့ ကွင်းဆင်းကြီးကြပ်စဉ်။

(မြို့နယ်စည်ပင်)

မဂ္ဂဇင်း စာမူရေးသားသူများအား ဂုဏ်ပြု

ရန်ကုန် နိုဝင်ဘာ ၂၀

ဆီမီး ၉၉၀၀ အဖွဲ့ (အင်းစိန်)မှ ကြီးမှူးထုတ်ဝေသည့် ၂၀၁၀ ခုနှစ် ဆီမီး ၉၉၀၀ မဂ္ဂဇင်းတွင် ဓမ္မဒါနအဖြစ် ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး၊ ကာတွန်း၊ ဓာတ်ပုံ၊ ပန်းချီ ချီးမြှင့်ကြသည့် စာရေးဆရာများနှင့် စာပေဝါသနာရှင်များအား ဂုဏ်ပြုပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၃ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် စုပေါင်းရုံးဝင်း အဖွဲ့ရုံးခန်း၌ ကျင်းပရာ အဖွဲ့နာယက မဂ္ဂဇင်း အယ်ဒီတာချုပ် ဦးစိုးဝင်း (သတင်းထောက် စဥ့်ကူစိုးဝင်း)က အဖွင့်အမှာစကား ပြောကြားပြီး ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က မဂ္ဂဇင်းဖြစ်မြောက်အောင် ကြိုးပမ်းခဲ့သည့် အဖွဲ့ အတွင်းရေးမှူး တရားရုံးချုပ်ရှေ့နေ တာဝန်ခံအယ်ဒီတာ ဦးခင်မောင်ညွန့် (တက္ကသိုလ် ခိုင်ထွန်း-ဖျာပုံ) **(အပေါ်ပုံ)** နှင့် စာရေးဆရာများကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

အလက(ခွဲ) သောင်ကြီး (၈)ကြိမ်မြောက် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၀

ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း) ညောင်လေးပင်မြို့နယ် သောင်ကြီး အခြေခံပညာ အလယ်တန်းကျောင်းခွဲ၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် (၈)ကြိမ်မြောက် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၁၈ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ယင်းကျောင်းခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ကျောင်းအကျိုးတော်ဆောင်နာယက ရန်ကုန်မြို့နေ ဦးကျော်ဝ၊ ဦးခင်ဝင်းတို့ ဦးဆောင်၍ စေတနာရှင်များ စုပေါင်းပြီး သောင်ကြီးအလက (ခွဲ)နှင့် အနီးပတ်ဝန်းကျင်ရှိ မူလွန်အမက(၅)ကျောင်းမှ ဆုရကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆု ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ (၂၃)

စာအုပ်စာပေ လှူမိတ်ဆွေ

အလက(၂)တာမွေ အငှမအကြိမ် မြတ်ဆရာပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၂၀

အလက(၂)တာမွေ၏ အငှမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၅ ရက်(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ကျောင်းခန်းမဆောင်၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းလိုသူများသည် ဆရာဦးငွေစိုး ဖုန်း - ၀၉ - ၅၁၅၅၈၄၇၊ ဆရာဦးရဲလွင် ဖုန်း-၅၄၅၃၈၀ အလက(၂)တာမွေ၊ ဆရာဦးရဲထွဋ် ဖုန်း-၅၄၆၉၄၆(မိုးနည်းပြ)၊ ဦးမြင့်ဦး(အိတုံစတိုး) ဖုန်း-၀၉-၅၀၂၂၁၁၄၊ ဒေါ်ကျင်ဝင်း ဖုန်း-၇၃၀၅၅၅၂၄၊ ဦးမောင်ကြည်-ဒေါ်နွဲ့ ဖုန်း-၇၃၀၀၆၂၀၉၊ ဦးစိုးပိုင် ဖုန်း-၇၃၀၃၁၁၅၂၊ ဦးရာဇာဝင်း ဖုန်း-၀၁-၇၃၁၀၅၇၇၁၊ ဦးညီညီလွင် ဖုန်း-၀၉-၅၀၂၉၄၈၂၊ ဦးတိုးအောင် ဖုန်း-၇၃၀၈၁၂၈၉၊ ဦးစိန်လွင် ဖုန်း-၀၉-၅၀၁၇၁၉၂၊ ဦးနိုင်ဝင်းအောင် ဖုန်း-၀၉-၅၀၇၅၄၂၀ နှင့် နီးစပ်ရာ အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ပြီး အလက(၂)တာမွေ၏ ၁၉၉၄ ခုနှစ် ပထမအကြိမ်မှ ၂၀၁၀ ခုနှစ် အငှမအကြိမ်အထိ အာစရိယပူဇော်ပွဲများတွင် လည်းကောင်း ဆရာ၊ ဆရာမများ ကိုယ်ရေးအကျဉ်း စာအုပ်များတွင် မပါဝင်ကြသေးသော ရပ်ဝေးရပ်နီးမှ ဆရာ၊ ဆရာမများသည် အထက်ဖော်ပြပါ အမှုဆောင်များမှ တစ်ဆင့် အလက(၂) တာမွေ အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီသို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ဒြိမ့်ဒြိမ့်သဲဆင်နွှဲ တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲ

မြန်မာနိုင်ငံ၏ အထင်ကရပွဲတော်တစ်ခုဖြစ်သည့် တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော်ကို ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့တွင် ဒြိမ့်ဒြိမ့်သဲ ကျင်းပလျက်ရှိသည်။ နိုဝင်ဘာ ၁၄ ရက်တွင် ဖွင့်ပွဲအခမ်းအနားနှင့်အတူ ၂၀၁၀ ခုနှစ် ရှမ်းပြည်နယ် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို စတင်ခဲ့သည်။

လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းကပင် ကျင်းပပြုလုပ်ခဲ့သော ပွဲတော်ကြီးတစ်ခုဖြစ်သလို ရှမ်းတိုင်းရင်းသားများ၏ ကျွမ်းကျင်ပိုင်နိုင်မှု၊ လှပဆန်းသစ်မှုများကြောင့်လည်း မီးပုံးပျံပွဲတော်မှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုစိတ်ဝင်စားစရာကောင်းခဲ့ပြီး ယခုနှစ်တွင်လည်း ပွဲတော်ကျင်းပရာ အဝေရာကုန်းသာယာမီးပုံးပျံကွင်းကြီး၌ လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်။ ယခုနှစ်မီးပုံးပျံပွဲတော်ကို တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်မှ မြို့များအပြင် အနယ်နယ်အရပ်ရပ်မှ ခရီးသွားများသာမက နိုင်ငံခြားသားခရီးသွားများပါ ယမန်နှစ်များကဲ့သို့ စိတ်ဝင်တစား လာရောက်ကြည့်ရှုအားပေးနေကြသည်ကို တွေ့ရသည်။ နှစ်စဉ် အစဉ်အလာမပျက်ကျင်းပခဲ့သော တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော်ကြီးမှာ အမျိုးစုံလှသော မီးပုံးပျံများကြောင့် အာကာတစ်ခွင်ကို အလှဆင်နေသလားဟုပင် ထင်မှတ်မှားစေသည်။

ယခုနှစ် မီးပုံးပျံပြိုင်ပွဲကို ညမီးကြီး ၇၉ လုံး၊ စိန်နားပန်မီးပုံး ၃၅ လုံးနှင့် နေ့လွှတ်အရုပ်မီးပုံးပျံ ၃၀၉ လုံးတို့ဖြင့် နိုဝင်ဘာ ၁၄ ရက်မှ ၂၂ ရက်အထိ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။ ပွဲတော်ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၂၂ ရက် ညနေ ၆ နာရီတွင် တိုင်းရင်းသားရိုးရာအကအလှများဖြင့် မီးပုံးပျံပွဲတော်ပိတ်ပွဲ တေးသီချင်း သီဆိုကပြကြမည်ဖြစ်ပြီး ရောင်စုံမီးရှူးမီးပန်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❂

လာရောက်ကြည့်ရှုသူများကို ဆွဲဆောင်နေသည့် စိန်နားပန်မီးပုံးပျံ။

ညမီးကြီး မီးပုံးပျံတွင် လှပမှု၊ ဆန်းသစ်မှုများကို တွေ့မြင်နိုင်သည်။



ထူးခြားသည့် ညအပူချိန်များ

၂၀ - ၁၁ - ၂၀၁၀

ပင်လောင်း	၉ ဒီဂရီစင်တီဂရိတ်
မင်းတပ်	၉ ဒီဂရီစင်တီဂရိတ်
ဟားခါး	၉ ဒီဂရီစင်တီဂရိတ်

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် မိုးရွာနိုင်သည်။